ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 July 2023 ၁၁၁၄၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေး

**နေပြည်တော် ဇူလိုင် ၁**

ဇူလိုင်(၃)ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ တက္ကသိုလ်များနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံသို့ ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။

**ယနေ့** ဖတ်စရာ

**ရှင်မဟာရဋ္ဌသာရ နှစ် ၅၅၅ နှစ်ပြည့်**
ဆောင်းပါး
စာမျက်နှာ » ၆

**တစ်စေ့မှ တစ်ပင်၊ တစ်ပင်မှ တစ်စုဖြစ်ဖို့ ဝိုင်းဝန်းညီညာ သစ်ပင်စိုက်စို့**
ဆောင်းပါး
စာမျက်နှာ » ၁၀



**မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(ACC)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး**
စာမျက်နှာ » ၁၁

ကြေးမုံ

# နိုင်ငံ့စီးပွားမြင့်တင်ရေး တက်ညီလက်ညီကြိုးပမ်း

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ပြီး စီးပွားရေးတွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီအစိုးရ ပထမသက်တမ်းတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ပြီး ထိုက်သင့်သလောက် တိုးတက်ခဲ့သည်။ စီးပွားရေးတိုးတက်မှု ရှစ်ရာခိုင်နှုန်းရရှိခဲ့ပြီး ပထမသက်တမ်း နောက်ဆုံးနှစ်တွင် စီးပွားရေးအနည်းငယ်ကျဆင်းခဲ့သည်။ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်း ပထမနှစ်တွင် စီးပွားရေးတိုးတက်မှုအားကောင်းမည့် အလားအလာများရှိခဲ့သော်လည်း တတိယနှစ်မှစ၍ စီးပွားရေးကျဆင်းလာခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားတိုးတက်မှု သုံးရာခိုင်နှုန်းကျော်ခန့်သာရှိပြီး နောက်ပိုင်းတွင် အနုတ်လက္ခဏာပြလာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံ့စီးပွားကျဆင်းမှုကိုသိရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနလေးခုက လေ့လာသုံးသပ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံ့စီးပွားရေး အတက်အကျဖြစ်ခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံတော်၏ ရငွေ၊ ပို့ကုန်၊ ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဘေးဒဏ်ကျရောက်မှု၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းမှု၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များရှိမှုတို့နှင့် အဓိကသက်ဆိုင်နေသည်ကိုတွေ့ရသည်။ ထို့အပြင် လုပ်သင့်လုပ်ထိုက်သည်များကို အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ တစ်ဖက်တွင် ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံကြီးအချို့က ၎င်းတို့လိုရာ စိတ်တိုင်းကျ ပုံစံမျိုးဖြစ်စေရန် ဖန်တီးဆောင်ရွက်မှုများပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ နည်းပါးနေသည်ကို တွေ့ရသည်။ မြေအရင်းအမြစ်ကို အကျိုးရှိစွာ အသုံးချမှုနည်းပါးပြီး အသုံးပြုနေသည့် မြေတစ်ကေချင်းအလိုက် အကျိုးရှိစွာဆောင်ရွက်မှုအားနည်းသည်ကို တွေ့ရသည်။ နိုင်ငံအတွင်း ရေ၊ မြေ၊ သယံဇာတနှင့် လူသားအရင်းအမြစ်များ ရှိပြီးဖြစ်သော်လည်း စွမ်းအားရှိသမျှ အသုံးမပြုနိုင်သဖြင့် နိုင်ငံ၏ အကြီးမားဆုံး လယ်ယာကဏ္ဍတွင် ဂျီဒီပီပါဝင်မှု နည်းပါးနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပြည်ပပို့ကုန်အားနည်းသဖြင့် နှစ်ပေါင်းများစွာ လိုငွေများဖြစ်ပေါ်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်ရှိသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကုန်သွယ်မှုလိုငွေ ၁၂ ဒသမ ၆၁ ဘီလီယံရှိသည်။ လိုငွေများကို ကုန်သွယ်မှုမဟုတ်သည့် ဝင်ငွေများမှ သုံးစွဲခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံတကာမှ ပိတ်ဆို့မှုများ လုပ်ဆောင်လာသည်။ ရှိပြီးနိုင်ငံခြားငွေများ သုံးစွဲမှုမရနိုင်စေရန်၊ ရရန်ရှိသည့် ရောင်းကုန်ပစ္စည်းငွေများ မပေးချေနိုင်စေရန် ပိတ်ဆို့နှောင့်ယှက်မှုမျိုးစုံအား ယခုအချိန်အထိ ပြုလုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဖြစ်ပေါ်ခဲ့သော နိုင်ငံ၏စီးပွားရေးအခြေအနေများကို ဆင်ခြင်သုံးသပ်ပြီး "ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်" နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးစီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော်ခဲ့သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ရှိပြီး ရေ၊ မြေ၊ သယံဇာတများနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာသည်။ စီးပွားရေးတွင် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်။

နိုင်ငံ့စီးပွားမြင့်တင်ရေးအစည်းအဝေးကို ဇွန်လ ၃၀ ရက်နေ့ကပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ပြည်တွင်းစီးပွားရေးနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအနေဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၌ ဒေသတွင်းစားသုံးမှု၊ နိုင်ငံအတွင်း စားသုံးမှုအတွက် ဖူလုံအောင်ထုတ်လုပ်ခြင်းနှင့် ပြည်ပပို့ကုန်အတွက် ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အသေချာဆုံးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်ခြင်းကို မဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားရန်" မှာကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် အခက်အခဲ၊ အတိုက်အခိုက်၊ အနှောင့်အယှက်များကြားမှ စည်းလုံးညီညွတ်မှုစွမ်းပကားများဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ဆက်လက်၍ လယ်ယာထွက်ကုန် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ဝါ၊ ကော်ဖီ၊ ရော်ဘာ၊ မီးဖိုချောင်သုံးသီးနှံများနှင့် မွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်များလျှော့ချ၍ အသုံးစရိတ်များချွေတာရေးတို့ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါက နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာမည်မှာ သေချာပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သာသနာ့ပါလမြိတ်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝါးခယ်မကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိပညာလင်္ကာရမဏ္ဍိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိငှက်သိုက်တောရကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာရန်အောင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရွှေအိုးရကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရတနာအောင်သုခပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဥဿဟကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြစ်ကြီးနားမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

မြစ်ကြီးနား ဇူလိုင် ၁

(၁၀၁)နှစ် မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးဖိုချောင်သုံး အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ဈေးရောင်းပွဲတော်ကို ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့



မြို့နယ်သမဝါယမဦးစီးဌာနမှူးရုံးဝင်း၌ ကျင်းပသည်။

ဦးစွာ အခြေခံစားသောက်ကုန်များ ဖွင့်လှစ်ရောင်းချခြင်း အခမ်းအနားကို ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်လင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးကျော်ညွန့်တို့က အားပေးကြည့်ရှုပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက မီးဖိုချောင်သုံး အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာ ခင်းကျင်းရောင်းချပေးခဲ့ကြသည်။

ထိုသို့ရောင်းချသည့် ဒေသထွက် မွေးမြူရေးကြက်ဥ၊ ပဲဆီသန့်၊ မုန်ညင်းဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည့် ကုန်ခြောက်များနှင့် ဒေသထွက်သီးနှံများအား ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်အောင်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

မြန်အောင် ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဝက်သားနှင့် ငါးမြစ်ချင်းငါးများကို ဈေးနှုန်းသက်သာစွာဖြင့် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ယနေ့နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်အောင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက အခြေခံစားသောက်ကုန်များဖြစ်သော ဆန်တစ်ပြည်လျှင် ငွေကျပ်၂၅၀၀နှုန်း၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀နှုန်း၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းကို မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြန်အောင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံတို့က ကြည့်ရှုအားပေးကူညီခဲ့ကြကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်)



ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





## ကြည့်ရှုအားပေး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများ၊ အခမ်းအနား တက်ရောက်လာကြသူများက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။




✪ ရှေ့ဖုံးမှ

အခြေခံပညာကျောင်းများမှ အုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ တေးသီချင်းအပါအဝင် တေးသီချင်းများ၊ နိုင်ငံကျော်ဒီဇိုင်နာများ ဖန်တီးထားသည့် "တူစုံဆင်န္တဲ မင်္ဂလာပွဲ" ခေါင်းစဉ်ဖြင့် ဝတ်စားဆင်ယင်မှု၊ "တည်ငြိမ်လှစွာ ချစ်စရာ၊ ဘယ်ခါမရိုး မြန်မာရင်ဖုံး" ခေါင်းစဉ်ဖြင့် ဝတ်စားဆင်ယင်မှုများ၊ တစ်ခန်းရပ်ပြဇာတ်များနှင့် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပြသကြသည်။

### ဂုဏ်ပြုပန်းစည်းချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံသို့ ဂုဏ်ပြုပန်းစည်းချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ နာယကနှင့် အတွင်းရေးမှူးတို့က ဖျော်ဖြေတင်ဆက်ပေးကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းစည်းပေးအပ်ချီးမြှင့်ပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ခေတ္တရပ်နားခဲ့သည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဖိတ်ကြားထားသော အနုပညာရှင်များက "ခေတ်အမြင် ခေတ်အသွင် ခေတ်သဘင်" အငြိမ့်အပါအဝင် တေးသီချင်းများ၊ ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ပြည်တွင်းစားသုံးဆီစျေးနှုန်းကျဆင်းရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၁

ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ စားသုံးဆီ တင်သွင်းဖြန့်ဖြူးနေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တွေ့ဆုံပြီး စားသုံးဆီတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ စျေးကွက်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် ပြည်တွင်းစားသုံးဆီစျေးနှုန်း တည်ငြိမ်ကျဆင်းစေရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ခဲ့သည့် လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး စားသုံးဆီများ ပြည်ပမှတင်သွင်းရာတွင် စနစ်တကျရှိစေရေးနှင့် စျေးကွက်သို့ ဖြန့်ဖြူးရောင်းချရာတွင်လည်း သင့်တင့်မျှတသည့် စျေးနှုန်းဖြစ်ရေးအတွက် စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စားသုံးဆီတင်သွင်းရောက်ရှိမည့် အခြေအနေများ၊ စျေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးနှင့် သတ်မှတ်စျေးနှုန်းအတိုင်း စျေးကွက်သို့ ဖြန့်ဖြူးရောင်းချရေး စီမံဆောင်ရွက်သွားမည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး၌ (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား ကျင်းပ

မုံရွာ ဇူလိုင် ၁

(၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က သမဝါယမကဏ္ဍအနေဖြင့် မြို့နယ်ပေါင်း ၃၅မြို့နယ်၊ သမဝါယမအသင်းပေါင်း ၅၂၉၃ သင်း၊ အသင်းသားပေါင်း ၄၆၁၇၁၀ ဖြင့် ဖွဲ့စည်းထားရှိပြီး တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများ၏ ဘဝများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုများကလည်း ပြည်သူများ၏ လူမှုဘဝအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို သမဝါယမကဏ္ဍက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးဉာဏ်မြင့်ကျော်က (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အတွက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Ariel Guarco ပြောကြားသည့် အမှာစကားကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် သမဝါယမဦးစီးဌာနမှဝန်ထမ်းသားသမီးသုံးဦးထံ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုသီချင်း Video Clipကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ(ပထမအကြိမ်) သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ငလိုက်ရေလှောင်တမံ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဒေသခံဝါးစိုက်တောင်သူများ တက်ရောက်ကြ၍ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ တမလန်းသစ်နှင့် ဝါးပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နှစ်အလိုက် မိုးရာသီသစ်ပင်စိုက်ပျိုးခဲ့မှုနှင့် ထိန်းသိမ်းပြုစုထားရှိမှု၊ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများ၊ ငလိုက်ရေလှောင်တမံ၏ ရေသိုလှောင်ထိန်းသိမ်းထားရှိမှုနှင့် ဒေသ၏ စိုက်ပျိုးရေ သောက်သုံးရေ ဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

နေပြည်တော် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေး၊ သစ်တောသစ်ပင် သဘာဝသယံဇာတများ တည်တံ့တိုးပွားစေရေးနှင့် ရာသီဥတု ညီညွတ်မျှတစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိရာ ယခုပထမအကြိမ်တွင် ရတနာတန်းဝင် ကျွန်း၊ နှစ်ရှည်သစ်မာပင်နှင့် ဝါးပင် စုစုပေါင်း ၅၂၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် တိကျမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းပြုစုနိုင်ရေးသည် အရေးကြီး





**နေပြည်တော် ဇူလိုင် ၁**

မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းများအား e-ID Server သို့ထည့်သွင်း၍ အချက်အလက်များ တိုက်ဆိုင်စိစစ် အတည်ပြုနိုင်ရေးနှင့် ပန်းခင်းစီမံချက် အဆင့်(၂) လျာထားချက် ပြည့်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် အရေးကြီးဆုံး လုပ်ငန်းစဉ်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် တိကျမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းပြုစုနိုင်ရေးသည် အရေးကြီးကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် တိကျမှန်ကန်သော လူဦးရေစာရင်းရရှိစေရန် မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ကောက်ယူရရှိသည့် စာရင်းဇယား၊ အချက်အလက်များကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မှတ်တမ်းများစုစည်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးအသီးသီးရှိ ရုံးလက်ခံများနှင့် တိုက်ဆိုင်စိစစ်ပြီး နေပြည်တော်(ရုံးချုပ်)ရှိ e-ID Server အတွင်းရှိ Online မှတစ်ဆင့် ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး အနေဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်အထိ e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် ကောက်ယူမှု ၁ ဒသမ ၆ သန်းကျော်၊ အိမ်ထောင်စုစာရင်းမရှိသဖြင့် အလွတ်ပုံစံများဖြင့် ကောက်ယူမှု ၂ သိန်း ၇ သောင်းကျော် စုစုပေါင်း အိမ်ထောင်စု ၁ ဒသမ ၉ သန်းကျော် ကောက်ယူပြီးစီးခဲ့ရာ သတ်မှတ်ချက်ရာနှုန်းပြည့် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း။

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် တစ်ပါတည်း ကောက်ယူခဲ့သည့် မသန်စွမ်းငါးမျိုး လူဦးရေစာရင်းကိုလည်း သက်ဆိုင်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးများသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုမြေပြင်ကွင်းဆင်းကောက်ယူပြီးဖြစ်သည့် စာရင်းများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မြို့နယ်ရုံးများရှိ လက်ခံစာရင်းများဖြင့်စိစစ်၍ e-ID Server အတွင်းသို့ တိုက်ဆိုင်စိစစ် ထည့်သွင်းပြီးစီးရေးနှင့် တိကျမှန်ကန်သည့် လူဦးရေစာရင်းပြုစုနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ဆက်လက်ဆောင်ရွက်**

ယင်းစာရင်းများအရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများ ပါရှိနေသည့်အတွက် ပန်းခင်းစီမံချက်အရ ငါးဦးကော်မတီဖြင့် စိစစ်၍ ဥပဒေနှင့်အညီ ရရှိသင့်သောကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများကိုလည်း ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီပြီးစီးအောင် ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများသည် ဆောင်ရွက်ရမည့် အရေအတွက်၊ ပြီးစီးရမည့်အချိန်ကာလ ကန့်သတ်ချက်များရှိသည့်အတွက် လျာထားချက်အတိုင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှုနှင့် e-ID Server အတွင်းသို့ အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်မှု၊ ပန်းခင်းစီမံချက် အဆင့်(၂) လျာထားချက်ပြည့်မီရေး ဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လိုအပ်ချက်များနှင့် ဌာနအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# လောက်ကိုင်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**လောက်ကိုင် ဇူလိုင် ၁**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် လောက်ကိုင်မြို့ အဝင်/အထွက်ဂိတ်အနီး၌ ကျင်းပသည်။



အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးထံသို့ ပျိုးပင်များပေးအပ်ခြင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်နှင့် ခရိုင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အတွင်းရေးမှူး ဦးမိုးဇော်လတ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေး ကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရေသင်းဝင်ပင် ၂၀၀၊ သစ်ငှက်ပျောပင် ၂၀၀၊ မဲဇလီ ပင် ၁၀၀ စုစုပေါင်း အပင်၅၀၀ကို သတ်မှတ်နေရာများတွင် တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

လောက်ကိုင် မြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြို့သာယာစိမ်းလန်းစိုပြည်ရေး၊ လမ်းဘေးအရိပ်ရစေရေးအတွက် ယခုနှစ် မိုးရာသီအတွင်း ပျိုးပင်ပေါင်း ၇၅၀၀ ဖြန့်ဝေစိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

(၁၀၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၌ ကျင်းပသည်။ အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance–ICA)ကို ၁၈၉၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ စတင်ဖွဲ့စည်းခဲ့ပြီး သက်တမ်း ၁၂၈ နှစ်ရှိပြီဖြစ်ကြောင်း၊ ၁၉၂၃ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်ပွဲများ ကျင်းပလာခဲ့သည်မှာ ၁၀၁ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအချိန်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၇ နိုင်ငံမှ သမဝါယမအသင်းစုချုပ်ပေါင်း ၃၁၇ သင်းကျော်၊ သမဝါယမအသင်းပေါင်း သုံးသန်းကျော်၊ အသင်းသားပေါင်း သန်း ၁၀၀၀ ကျော်ဖြင့် ပါဝင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော် တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ သန်း ၂၈၀ ကျော်ကို ကမ္ဘာ့သမဝါယမအသင်းများက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း။

**စတင်ဝင်ရောက်ခဲ့**

မြန်မာနိုင်ငံတွင် ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၀၄ ခုနှစ်တွင် သမဝါယမအသင်း အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၀၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်းခရိုင် မြင်းမူငွေစုငွေချေးသမဝါယမအသင်းကို စတင်ဖွဲ့စည်းခဲ့ကာ သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာန၊ ဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ပြီး လမ်းညွှန်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်၍ ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမဦးစီးဌာနသည် ပြည်သူတို့၏ လူမှုစီးပွားအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan (၉)ရပ်ချမှတ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အမှန်တကယ် အလုပ်လုပ်လိုသူများ၊ လုပ်ငန်းတူရာအလိုက် စိတ်ဝင်စားသူများကို သမဝါယမအသင်းသစ်များ စည်းရုံးဖွဲ့စည်းခြင်း၊ ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများအား လုပ်ငန်း အမှန်တကယ် လုပ်ကိုင်သူများနှင့်သာ ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ သမဝါယမအသင်းပေါင်း ၃၈၇၀၉ သင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်း ဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်လာနိုင်အောင် စည်းရုံးပေါင်းစပ် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုဘဝ မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် "Cooperatives: Partners for accelerated sustainable development" (အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး)ဆိုသည့်အတိုင်း နိုင်ငံတကာ သမဝါယမများက မျှဝေခံစားတတ်သော လူ့ကျင့်ဝတ်ဂုဏ်သိက္ခာ စံတန်ဖိုးများအပေါ် အခြေတည်ထားသည့် အခြေခံမှုများအတိုင်း လိုက်နာကျင့်သုံး ကြိုးစားအားထုတ်နေချိန်တွင် မြန်မာ့သမဝါယမများကလည်း သမဝါယမ ပုံရိပ်ကို ပြန်လည်မြှင့်တင်ပေးနိုင်ရန် တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ရေရှည်ဖွံ့ဖြိုးနိုင်ရေးအတွက် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးကျော်မြခိုင်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုစကားပြောကြားပြီး ဗဟိုသမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာတိုးနန္ဒာတင်က အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှပေးပို့သော သဝဏ်လွှာကို ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုတေးသီချင်းနှင့် သမဝါယမလုပ်ငန်း ဆောင်ရွက်မှု ရုပ်သံ Video Clip တို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများအတွက် ဆုအမျိုးအစားပေါင်း ၃၆ ဆုကို ပေးအပ်ချီးမြှင့်ပြီး မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်၊ မန္တလေး)တို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများ၊ သမဝါယမအသင်းသားများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# သိပ္ပံပွဲတော် ၂၀၂၃ တတိယနေ့နှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဇူလိုင် ၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ROSATOM တို့ ပူးပေါင်းကျင်းပသည့် သိပ္ပံပွဲတော် ၂၀၂၃ တတိယနေ့ကိုယမန်နေ့ကရန်ကုန်မြို့ရှိရန်ကုန်နည်းပညာတက္ကသိုလ် နှင့် နျူကလီးယား နည်းပညာ သတင်းအချက်အလက် စင်တာတို့၌ ဆက်လက်ကျင်းပသည်။

ပွဲတော် တတိယနေ့သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ROSATOM မှ တာဝန်ရှိသူများနှင့် National Research Nuclear University MEPhI (Moscow Engineering Physics Institute) မှ ပါမောက္ခများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်နည်းပညာတက္ကသိုလ်၌ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ခင်းကျင်းပြသထားသော ပြခန်းများ၊ ပိုစတာများဖြင့် ရှင်းလင်းတင်ပြမှုများ၊ လေ့လာနေမှုများကို ကြည့်ရှုအားပေးကာ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကောင်းစွာ အထောက်အကူပြုနိုင်မည့် စွန့်ဦးတီထွင်နည်းပညာများ၊ သုတေသနရလဒ်များ ရရှိလာသည်အထိ ကြိုးပမ်းဆောင်ရွက်၍ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက MSME လုပ်ငန်းရှင်များ၏ လက်ဝယ်အရောက် နည်းပညာများကို ဖြန့်ဖြူးပေးရန် မှာကြားသည်။

ဆက်လက်၍ နျူကလီးယား နည်းပညာ သတင်းအချက်အလက် စင်တာသို့ ရောက်ရှိပြီး လာရောက်လေ့လာကြသည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများကို အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် နျူကလီးယား နည်းပညာ သတင်းအချက်အလက် စင်တာတွင် ကျင်းပသော သိပ္ပံပွဲတော် ၂၀၂၃ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် "Nuclear Now" ရုပ်ရှင်ကိုပြသပြီး ရုပ်ရှင်တွင် ပါဝင်သော အကြောင်းအရာများ နှင့်စပ်လျဉ်း၍ တက်ရောက်သူများ၏ မေးမြန်းမှုများကို MEPhI မှ ပါမောက္ခများက ပြန်လည်ဖြေကြားကြသည်။

သိပ္ပံပွဲတော် ကျင်းပခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် ကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် လူငယ် ပညာရှင်များအထိ နျူကလီးယား နည်းပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာ အသိအမြင်များနှင့် အတွေ့အကြုံဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာရပ်ကို ပိုမိုစိတ်ဝင်စားစေပြီး နည်းပညာဆိုင်ရာ အသစ်အဆန်းများကို လေ့လာစူးစမ်းလိုစိတ်ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ မီဒီယာများမှတစ်ဆင့် နျူကလီးယား စွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်တွင် သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရှင်မဟာရဋ္ဌသာရ နှစ် ၅၅၅ နှစ်ပြည့်

မောင်လူမွှေး (မြန်မာမှု)

**မြန်မာစာပေလောကတွင် ဂန္ထဝင်မြောက်ထင်ရှားခဲ့ကြသည့် ရှေးစာဆိုကြီးများအနက် အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သော ရှင်မဟာရဋ္ဌသာရ ဆရာတော်သည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေသည်။**
**ထိုခေတ်က ပေါ်ပေါက်ခဲ့ကြသော ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာ၊ ဝံတောင်လယ်ဆရာတော်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်တေဇောသာရ၊ ရှင်ဣန္ဒဂုတ္တ စသည့်စာဆိုရှင်များ၏ ပျို့စာပေများသည် တစ်တောတစ်ကြက်ဖဆိုသလို အကြောင်းအရာအလိုက် ထင်ရှားကြပါကုန်၏။ ထူးခြားကောင်းမွန်လှကြပါပေ၏။**

ထိုစာပေပညာရှင်များထဲမှ လူသိများကြသည့် ပုဂ္ဂိုလ်မှာမူ ရှင်မဟာရဋ္ဌသာရ အကျော်ဆရာတော်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

ဆရာတော်နှင့်ခေတ်ပြိုင် ပေလေးပင် ရှင်လေးပါးအပါအဝင် ထင်ရှားတော်မူသည့် ဆရာတော် ရှင်မဟာသီလဝံသ၏ ထေရုပ္ပတ္တိကို ရေးသောအခါ မွေးသက္ကရာဇ်ကို "သက္ကရာဇ် ၈၁၅ နှစ်ဖွား"ဟုပင် သာမန်ဖော်ပြရလေသည်။

"ဆုတောင်းခန်းပျို့ကို မည်သည့်သက္ကရာဇ်၊ မည်သည့်နှစ်တွင် ရေးသားပြီးစီးကြောင်းနှင့် အမှတ်အသား ထိုပျို့နိဂုံး၌လည်း မပါ၊ မရှိ။ သို့ရာတွင် ဒုတိယမင်းခေါင်လက်ထက်ဟု ဆိုသောကြောင့် သက္ကရာဇ် ၈၅၈ ခုနှစ်တွင် တံတားဦးတည် မင်္ဂလာစေတီတော် မော်ကွန်း ၁၂ ပိုဒ်ကို ရေးသားစီရင်ပြီးသည့်နောက် သက္ကရာဇ် ၈၆ဝ ပြည့်နှစ်ခန့်လောက်တွင် ဖြစ်ရာသည်..."ဟု ဆရာကြီးမောင်သုတက စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် သုံးသပ်ဖော်ပြထားလေသည်။ ဆိုလိုသည်မှာ အချို့စာဆိုပုဂ္ဂိုလ်များ၏ မွေးသက္ကရာဇ်ကို တိတိကျကျမသိရဟု တင်ပြလိုရင်းဖြစ်သည်။ သို့သော် ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ မွေးနေ့သက္ကရာဇ်၊ ကျမ်းပြီးနှစ်များနှင့် ပျံလွန်တော်မူသောကာလကိုမူ မှတ်တမ်းစာပေအထောက်အထားများကြောင့် အလွယ်တကူ သိနိုင်သည်ဟု ဆိုရပါမည်။

ထို့ကြောင့် ၅၅၅ နှစ်ပြည့်ကို မည်သည့်အထောက်အထားနှင့် ယူသည်ကို တင်ပြလိုခြင်းဖြစ်ပါသည်။

ကိုးခန်းပျို့ အပိုဒ်-၂၃ "**...တောင်ကားပင်းယ၊ မြောက်မှစစ်ကိုင်း၊ ရံဆိုင်းသာလှ၊ ရွှေအင်းဝ၌၊ နန်းကမြင်ထင်၊ မြို့လယ်ခွင်ဝယ်၊ သခင်ဘုရား၊ ထားသည့်သာသနာ၊ သချာအမှန်၊ နှစ်ထောင်လွန်၍၊ အစွန်မြတ်မူ၊ ဆဲ့နှစ်ခုဝယ်၊ ဥတုဝဿ၊ မိုးလရေးဖျား၊ နေသွားကရကဋ်၊ ခေါ်မှတ်ဝေဟာ၊ အာသဠှာ၌၊ ပညာပွားဖို့၊ ကုသိုလ်ပို့သား၊ ငါတို့ဖွားရာ၊ ချက်မြုပ်ရှာသည်၊ အောင်ချာပြည်ကြီး၊ နားဍောင်းတည်း(ကိုးခန်းပျို့နိဂုံး)...**"ဟု ရေးဖွဲ့ထားသည်ကို သုံးသပ်၍ သာသနာတော်နှစ် ၂၀၁၂-ဥတုဝဿ၊ မိုးလရေးဖျား၊ နေသွားကရကဋ်ရာသီဆို၍ ဝါဆိုလ အာသဠှာ၌(အဿလိဿ နက္ခတ်)နှင့် ယှဉ်၍ မွေးဖွားသည်ဟု သိရပေသည်။

သာသနာတော်နှစ်ကိုသာဖော်ပြပြီး ကောဇာသက္ကရာဇ်ကိုမူ မဖော်ပြပေ။ ကရကဋ်ရာသီ အာသဠှီ နက္ခတ်ဟုဆိုထား၍ အဿလိဿနက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့်ကိုရပေသည်။ ကောဇာသက္ကရာဇ်နှင့် သာသနာတော်နှစ်ကို တွက်လိုသော် **"ဒွေအဋ္ဌနှင့် ကေ ဓကော"ဆိုသည့်အတိုင်း (၂၈၁၁ ကို ပဋိလောမ = ပြောင်းပြန်၊ ၁၁၈၂ ပေါင်းရ၊ နုတ်ရလေသည်။ ၂၀၁၂-၁၁၈၂ = ၈၃၀)**

ထို့ကြောင့် ကောဇာသက္ကရာဇ် ၈၃၀ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ဟု အဖြေရရှိလေသည်။

ဆရာကြီး မြကေတုက - ပိဋကတော်ဦးယံ စီရင်သော မဟာရဋ္ဌသာရ ထေရုပ္ပတ္တိကထာကိုမှီး၍ ဆရာတော်၏ မွေးနေ့သက္ကရာဇ်များနှင့် စာပြီးနှစ်များကို ခွဲခြားပြသထားလေသည်။

"ရှင်မဟာရဋ္ဌသာရအလောင်း မောင်မောက်ကို သက္ကရာဇ် ၈၃၀ ဝါဆိုလပြည့်နေ့ ကရကဋ်ရာသီ အာသဠှီကြိုက် ဗုဒ္ဓဟူးနေ့ နံနက်အရုဏ်တက်တွင် အင်းဝရွှေမြို့တော်အလယ်တွင် ဖွားမြင်တော်မူခဲ့လေသည်"ဟု မွေးဖွားသက္ကရာဇ်ကိုဖော်ပြထားလေသည်။

**"သို့ဆိုပါက ယခုနှစ် ၁၃၈၅ ခု (၁-၈-၂၀၂၃) ဒုတိယဝါဆိုလပြည့်နေ့သည် ရှင်မဟာရဋ္ဌသာရ မွေးနေ့နှစ်ပေါင်း ၅၅၅ နှစ်ပြည့်ပြီဖြစ်သည်။"**




**❝ဆရာတော်ရေးဖွဲ့တော်မူသော စာပေများသည် ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မသာရ ကိုးခန်းပျို့ကဲ့သို့ ပိဋကစာပေလာ လောကုတ္တရာအကြောင်းချည်းမဟုတ်ဘဲ လောကီအကြောင်းအရာများရော၊ မင်းရေးမင်းရာရော ပါဝင်မှုများကိုရေးဖွဲ့သောကြောင့် ရှေးစာပေသုတေသီများက ဆရာတော်၏စာသည် လောကီပါလိုက်၊ လောကုတ္တရာပါလိုက် ဖြစ်နေ၍ ထန်းတက်သမားသည် ထန်းပင်တက်သောအခါ ထန်းပင်နှင့်ရင်ဘတ် ပူးတုံ့ခွာတုံ့ဖြစ်နေသကဲ့သို့ ထန်းတက်သမား၏ ရင်ဘတ်နှင့်တူသည်ဟု တင်စားကြ❞**

ဆရာတော်၏ ငယ်နာမည်မှာ မောင်မောက်ဖြစ်သည်။ ဖခင်မှာ ဟံသာဝတီ ရာဇဓိရာဇ်မင်း၏ သမီးတော် ရှင်စောပု၏မြေး ဓမ္မပါလဖြစ်သည်။ အမိမှာ အင်းဝမြို့တော် အဦးအစတည်သော သတိုးမင်းဖျား၏အနွယ်တော်စောနန်း၏ မြစ်တော်ဖြစ်သည်။

မောင်မောက်သည် ငါးနှစ်အရွယ်ကပင် မဟာဆွေတော်မျိုးတော် မင်းသား၊ မင်းသမီးတို့နှင့် နန်းတော်ထဲတွင် စာပေသင်ကြားရလေသည်။

မောင်မောက် ၁၀ နှစ်အရွယ်ရှိသောအခါ အဘဖြစ်သူ ဓမ္မပါလအမတ်နှင့် နန်းတော်သို့ခေါ်၍ ဝင်ရာ ဒုတိယမင်းခေါင်၏ သမီးတော်သုံးပါးကို နားထွင်းမင်္ဂလာသဘင် ဆင်ယင်ကျင်းပသောအခါနှင့် ကြုံကြိုက်သဖြင့် ဒုတိယမင်းခေါင်က ဓမ္မပါလအမတ် (မောင်မောက်ဖခင်)ကို စာဆိုစေရာ သားဖြစ်သူက ခွင့်တောင်း၍ -

**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**နတ်တော်ပုံမယွင်း၊**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**ရွှေလျော်သွင်းပုံဆင်း၊**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**စန္ဒော်လနှယ်ဝင်း၊** ဟု ရတ်ခြည်းစပ်ဆိုတော်မူလေသည်။

ထိုးထွင်းဉာဏ်နှင့် ပဋိဘာန်ရှိသော ထူးသောပါရမီကို လူငယ်ဘဝကပင် ပြလေတော့သည်။ ရှင်သာမဏေပြုသည့်နှစ်ကိုမူ အသက်ကာလအတိအကျမသိရသော်လည်း နောင်တော်ရင်း ရှင်ဝရ စက္ကပါလထံတွင် အခြေခံသင်ရိုးကို သင်ယူခဲ့ပြီး ၁၉ နှစ်အရွယ် ရောက်သောအခါ စစ်ကိုင်း သီဟိုဠ်ပြန်ဆရာတော် (သီဟိုဠ်ရောက်ကြီး)ထံတွင် ပိဋကသုံးပုံ နိကာယ်ငါးရပ်၊ ဝေဒပညာရပ်များ သင်ကြားခဲ့ကြောင်း ရေးဖွဲ့ခဲ့သော ပျို့စာပေများမှ သိရလေသည်။

ဆရာတော်သည် နုပျိုစဉ်ရှင်ဘဝ ဦးပဉ္စင်းငယ်ဘဝတွင် လောကီနှင့် လောကုတ္တရာကြား လွန်ဆွဲအားကြောင့် - "**ပုရေနိသင်၊ ဆက်တိုင်းကြင်၍၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်...**" အစချီ၍၊ "**...မျှော်လင့် ခိုးရှာလေတော့သည်(နှမလက်လျှော့နေလေတော့)**"ဟူသော ရတု၊ ရွှေစက်တော်ဘုရားဖူးသွားစဉ် ချိုးမောင်နှံ သီကျူးမှုက ချစ်သူဘဝအစဉ်ကို ထင်ဟပ်မှု စသည့်စာပေစုများမှာ လောကီရေးရာ ရသစာပေစုများဖြစ်ပေသည်။

ထိုခေတ် ထိုအခါကလည်း ဇာတ်တော်၊ နိပါတ်တော်တို့ကို ရေးသားဟောကြားကြရာ၌ စကားပြေ စုဏ္ဏိယဟောစဉ်များဖြင့် ရေးသားဟောကြားကြသောခေတ်ဖြစ်လေရာ ပျို့၊ ကဗျာ၊ လင်္ကာ ရေးသားကြသော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရဆရာတော်တို့ကို သဘင်သည်များနှင့် ကံကြီးကံငယ် အတူမဆောင်ဟုဆိုကာ ကန့်ကွက်ကြဉ်ဖယ်ကြသည်လည်း ကြုံတွေ့ရလေသည်။

**ထိတွေ့ဆက်ဆံခဲ့ရ**

ဆရာတော် သက်တမ်းတစ်လျှောက်တွင် တိုင်းရေးပြည်ရာနှင့်ဆက်စပ်သော မင်းများမှာ ဒုတိယဘုရင်မင်းခေါင် ရွှေနန်းကျော့ရှင် ဘုရင်နရပတိ၊ ဆင်ဖြူရှင် သတိုးမင်းစော၊ ဘုရင်မင်းထွေး (ဆင်ဖြူရှင်သား)တို့နှင့် ထိတွေ့ဆက်ဆံခဲ့ရလေသည်။

နရပတိဘုရင်၏ နန်းတော်သစ်ဆောက်တော်မူရာ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရကို ပင့်၍ နန်းဘွဲ့မော်ကွန်း ရေးသားသီကုံးပါရန် လျှောက်ထားရာ ရှင်မဟာရဋ္ဌသာရက ရေးမည်ဟု ဝန်မခံဘဲ ကျောင်းသို့ပြန်ကြွသွားလေသဖြင့် ဘုရင်နရပတိ စိတ်ခုသည်ကိုသိ၍ "**...ပီတိပြောဟုံ၊ ထိုသို့ကုံလျက် - ရွှေဘုံပွင့်နန်း ...**"အစချီ မျက်ဖြေလင်္ကာ သုံးပုဒ် ရေးဖွဲ့တော်မူခဲ့၏။

သက္ကရာဇ် ၈၆၇ နှစ် ဆရာတော်သက်တော် ၃၇ နှစ်အရွယ် ယင်းတော်မြို့စား ငတုံးတာ၊ ရိုရှားမြို့စား ငပြည့်ဝတို့နှင့် တောင်ငူမင်း၊ ပြည်မင်းတို့ ပူးပေါင်း၍ စလေမြို့၊ ပုံတောင်မှ ပုန်ကန်သည်ကို အောင်နိုင်၍ ပုံတောင်နိုင်မော်ကွန်းကို စပ်ဆိုတော်မူခဲ့လေသည်။

ဤသို့ အကြောင်းအရာများကို ထုံ့ပိုင်းထုံ့ပိုင်းဖြင့် ဖော်ပြရခြင်းမှာ ဆရာတော်ရေးဖွဲ့တော်မူသော စာပေများသည် ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မသာရ ကိုးခန်းပျို့ကဲ့သို့ ပိဋကစာပေလာ လောကုတ္တရာအကြောင်းချည်းမဟုတ်ဘဲ လောကီအကြောင်းအရာများရော၊ မင်းရေးမင်းရာရော ပါဝင်မှုများကို ရေးဖွဲ့သောကြောင့် ရှေးစာပေသုတေသီများက ဆရာတော်၏စာသည် လောကီပါလိုက်၊ လောကုတ္တရာပါလိုက်ဖြစ်နေ၍ ထန်းတက်သမားသည် ထန်းပင်တက်သောအခါ ထန်းပင်နှင့် ရင်ဘတ် ပူးတုံ့ခွာတုံ့ဖြစ်နေသကဲ့သို့ ထန်းတက်သမား၏ ရင်ဘတ်နှင့် တူသည်ဟု တင်စားကြလေသည်။

ဆရာတော်နှင့် ခေတ်ပြိုင် ရှင်မဟာသီလဝံသ၏ ပါရာယဏဝတ္ထု၊ ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ သံဝေဂခန်းပျို့ စသည့်စာပေများမှာမူ လောကုတ္တရာစာပေသာများ၍ မြေကြီးနှင့် တစ်သမတ်တည်းကပ်နေသော လိပ်ရင်ဘတ်ကဲ့သို့ဟု တင်စားကြလေသည်။

**ပျို့လင်္ကာထဲတွင် မှတ်တမ်းတင်ခဲ့**

ထိုထန်းသမား ရင်ဘတ်ကဲ့သို့ပင် ဆရာတော်သည် လောကုတ္တရာကို ရှေးရှုသလို လောကီရေးရာများကိုလည်း မျက်ခြည်မပြတ်ခဲ့ပေ။ ထို့ကြောင့် သက်တော် ၅၆ နှစ်အရွယ်တွင် စတုဓမ္မသာရ ကိုးခန်းပျို့ကိုရေးပြီး နိဂုံးချုပ်ခါနီးတွင် တိုင်းရေးပြည်ရာများ စိတ်မအေးဖွယ်ရာ ကြုံတွေ့လာရပုံကို လောကီရေးရာ မျက်ကွယ်မပြုခဲ့သောကြောင့် ပျို့လင်္ကာထဲတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပေသည်။

စာမျက်နှာ ၇ သို့ »»

# သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ရုံးချုပ်ရှိတော်ဝင်ခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**စီမံဆောင်ရွက်လျက်ရှိ**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများအား ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ဖြင့် စီမံဆောင်ရွက်လျက်ရှိပြီး သယံဇာတ ထုတ်ယူသုံးစွဲခြင်းအား သစ်တောကာကွယ်ထိန်းသိမ်းခြင်းကိုဦးစားပေး၍အကန့်အသတ်ဖြင့် အနည်းဆုံး လိုအပ်ချက်ကိုသာ ထုတ်ယူလျက်ရှိကြောင်း၊ ထွက်ရှိလာသော သစ်များကိုလည်း တန်ဖိုးမြှင့် သစ်အချောထည်များ ထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပ ဝင်ငွေများ ရှာဖွေရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အရေးများ ဖန်တီးပေးရေးတွင် သစ်အခြေခံ စက်မှုလုပ်ငန်းများ၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ ဇန်နဝါရီ ၁ ရက်မှစ၍ အခြေခံအဆင့် ခွဲသားများအား ပြည်ပတင်ပို့မှု ရပ်ဆိုင်းခဲ့ပြီး တစ်ဝက်တစ်ပျက် အချောထည်နှင့် အချောထည်များကိုသာ တင်ပို့ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်သည့် သစ်အချောထည်များ ပြည်တွင်း/ပြည်ပ ဈေးကွက်ရရှိရေး၊ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးနှင့် စနစ်တကျဖြစ်စေရေးအတွက် ရေတိုရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မဟာဗျူဟာမြောက် ချမှတ်အကောင်အထည်ဖော်ရေး အထူးကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပုဂ္ဂလိကအခန်းကဏ္ဍမှာအရေးကြီးသည့်အတွက် ဌာနနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်၍ Teamwork ဖြင့် ဆောင်ရွက်သွားရန်နှင့် နည်းပညာ/လူ့စွမ်းအား အရင်းအမြစ် တိုးတက်စေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။



ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ၊ မူဝါဒ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ လေ့လာသုံးသပ်ရေးနှင့် ပြင်ဆင်ရေးဆိုင်ရာ ကိစ္စများ၊ ထုတ်လုပ်မှု၊ ဈေးကွက်နှင့် နည်းပညာဆိုင်ရာကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခွန်အခဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု "သစ်ပင်စိုက်ပျိုးပွဲ" ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးအနီး၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာသွှမ်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်များ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုအဖြစ် ကျွန်း၊ ပိတောက်၊ စိန်ပန်း၊ ငုဝါ၊ ခရေနှင့် မဟော်ဂနီ စသည့် ပျိုးပင်ပေါင်း ၁၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၆ မှ**

ဤသို့နှင့် သက္ကရာဇ် ၈၈၆ ခုနှစ်တွင် မိုးညှင်းစလုံနှင့် ပြည်ဘုရင် ဆင်ဖြူရှင် သတိုးမင်းစောတို့ အင်းဝကိုတိုက်ကြရာ အင်းဝခေတ် ပျက်သုဉ်းမှုအစ ဖြစ်လေတော့သည်။

စစ်နိုင်ပြည်ဘုရင် ဆင်ဖြူရှင်က ဆရာတော်ကို ပြည်သို့ပင့်ဆောင်၍ သာသနာ့အဆောင်အယောင်နှင့် သာသနာပိုင်ခန့်ပြီး ကိုးကွယ်တော်မူလေသည်။

အင်းဝတွင် မိုးညှင်းစော်ဘွား စလုံ၏သား သိုဟန်ဘွား နန်းတက်သောအခါ ပြည်ဘုရင် ဆင်ဖြူရှင်လည်း နတ်ရွာစံတော်မူလေပြီး သားတော် ဘုရင်မင်းထွေးက ဆက်လက်ကိုးကွယ်တော်မူ၏။

ဆရာတော်သည် ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီ ဆိုစကားကဲ့သို့ ဘဝပတ်ဝန်းကျင် အတွေ့အကြုံများစွာ ကြွယ်ဝခဲ့ပြီ။ ခေတ်စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ဖူးပြီ၊ တိုင်းပြည်အနာဂတ်အရေး ရင်မအေးဖွယ်ရာကို ကြိုတင်မြင်ခဲ့ပေလိမ့်မည်။ ထင်သည့်အတိုင်းပင် "ဂ"ငယ်သုံးခု ဥသျှစ်ထုဆိုသကဲ့သို့ သက္ကရာဇ် ၈၈၈ ခုနှစ်တွင် သိုဟန်ဘွား အုပ်ချုပ်သောအခါ အနော်ရထာ စစည်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးသည် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားလေတော့သည်။ ထိုအကြောင်းအရာကို ကိုးခန်းပျို့ နိဂုံးပိုဒ်ရေ – ၈ တွင် –

**"… အစွန်းငါးခု၊ ပသျှုအင်္ဂ၊ ဒီဃသက္ကရာဇ်၊ ရောက်လစ်သောအခါ၊ တစ်ရာသီတည်း၊ ကုမ်တွင်ချည်းလျှင်၊ ဝေးစည်းဂြိုဟ်စု၊ ပေါင်းလုနီးနီး…"**

အစချီကာ ဗေဒင်ကိန်းခန်းအရ ဘာတွေဖြစ်တော့မည်ဟု ကြိုတင်၍ရေးခဲ့လေသည်။ တိုင်းပြည်သာယာဝပြောတည်ငြိမ်မှ ပြည်သူအပေါင်း အေးငြိမ်းကြောင်းဖြစ်သည်ကို လူတိုင်းလူတိုင်း ပြည်သူများ သိစေလိုသည်။ သို့နှင့် ပြည်မြို့သို့ ကြွရောက်သီတင်းသုံးနေစဉ် ဆင်ဖြူရှင်သား ဘုရင်မင်းထွေးကို ဆုံးမသည့်အနေဖြင့် သံဝရပျို့ကို ရေးဖွဲ့ခဲ့လေသည်။ သံဝရပျို့နိဂုံးပိုဒ်တွင် –

**"… တစ်ယောက်ကိုချည်း၊ တမတ်တည်းဖြင့် ထုံးနည်းကြံရေး၊ ပေးအုံ့မရည်၊ အပြည်ပြည်၌၊ မကြည်ညီနောင်၊ မင်းကုန်းအောင်ကို၊ မြဲနှောင်မေတ္တာ၊ တည်စိမ့်ငှာလျှင်၊ ဤစာချစ်ကြောစပ်သတည်း…"**

ဟု ရေးဖွဲ့ထားလေသည်။ ထိုသံဝရပျို့ကို–

**"… သက္ကရာဇ်သင်္ချာ၊ ရှစ်ရာအစ၊ နဝအလယ်၊ နောင်ဆွယ်ကော၊ လင်္ကာအင်္ဂ၊ နေ့မှန်ဗုဒ္ဓဝါ၊ ပုဏ္ဏပြည့်ညီ၊ တီထီဆန်းတက်၊ ဆယ့်ငါးရက်ဝယ် …"**

ဟု နိဂုံးတွင် ရေးသားထားရာ သက္ကရာဇ်–၈၉၁ ခု၊ ဝါဆိုလဆန်း–၁၅(ဝါဆိုလပြည့်) ဗုဒ္ဓဟူးနေ့တွင် သံဝရပျို့ ပြီးတော်မူလေသည်။

ပြည်မြို့တွင် ဘုရင်မင်းထွေး နန်းစံ ၄ နှစ်မြောက်၊ ၈၉၂ သီတင်းကျွတ်လဆန်း ၁၅ ရက် (လပြည့်နေ့) သက်တော် (၆၂) နှစ်တွင် ရောင်နီလာချိန်၌ ပျံလွန်တော်မူလေသည်။

ရှင်မဟာရဋ္ဌသာရနှစ် ၅၀၀ ပြည့်ကို မြန်မာနိုင်ငံ သုတေသနအသင်းကရော မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကပါ ၁၃၃၀ ပြည့် ဝါဆိုလဆန်း ၁၅ ရက်(ဝါဆိုလပြည့်နေ့) ၉–၇–၁၉၆၈ စာပေါင်းစုထုတ်ဝေခဲ့လေသည်။

**ဆရာတော်ရေးသားပြုစုခဲ့သော စာပေစုများမှာ–**

(၁) ဘူရိဒတ်လင်္ကာကြီး
(၂) ဘူရိဒတ်ဇာတ်ပေါင်းပျို့
(၃) တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း
(၄) ပုံတောင်နိုင်မော်ကွန်း
(၅) စတုဓမ္မသာရ ကိုးခန်းပျို့
(၆) ဂမ္ဘီသာရပျို့
(၇) ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း
(၈) ရွှေစက်တော်သွား တောလားလင်္ကာ
(၉) အတိုင်းမသိ အစချီ – စက်တော်ရာလင်္ကာ
(၁၀) မင်္ဂလာအောင်ပွဲတော် ရဲရည်တက်မော်ကွန်း
(၁၁) ရတနာပူရ မြို့တည်မော်ကွန်း
(၁၂) မိတ္ထီလာကန်တော်ဘွဲ့ မော်ကွန်း
(၁၃) ဘုရင်မင်းခေါင်ထံသွင်း လင်္ကာများ
(၁၄) ရှင်မဟာသီလဝံသသို့ ပေးလင်္ကာများ
(၁၅) ပြည်မြို့ဝံတောင်လယ်ဘုန်းကြီးနှင့် အပြန်အလှန်ရေးကြသောရတုများ
(၁၆) ဆုံးမစာများ(လက်သစ်တောင်တာ..အစချီ… ဆုံးမစာ၊ သုစိပုဘာ… အစချီဆုံးမစာ…)
(၁၇) သံဝရပျို့

ဆရာကြီး ဦးမောင်မောင်ညွန့်၏ ပကိဏ္ဏကစာစုစာရင်းတွင် ကုက္ကုဋင်္ဂ(ကြက်ကျမ်း) အရည ဝါသီ တောမီအကြောင်းအရာ၊ ပုရေနိသင်ချီ အချစ်ဖွဲ့စသည်ဖြင့် စာအမျိုးအစား ၄၅ မျိုး တွေ့ရပေသည်။

အသက် (၁၆) နှစ်အရွယ်တွင် ဘူရိဒတ်လင်္ကာကြီးကို စတင်ရေးသားပြီး သက်တော် (၆၁) နှစ်တွင် သံဝရပျို့ကို နောက်ဆုံးရေးသားတော်မူခဲ့လေသည်။ ။

# ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စုပေါင်းလှုပ်ရှားနေမှုများ ကြည့်ရှုစစ်ဆေး





**စစ်တွေ ဇူလိုင် ၁**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ခဝါသည်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စုပေါင်းလှုပ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကနန္ဒာသာသနာ့ဗိမာန်တော်၌ ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်မှုအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါဖြစ်သဖြင့် ကာကွယ်ခြင်းသည် တစ်ဦးတစ်ယောက်အတွက်သာမက ကပ်ရောဂါအသွင် အစုလိုက်မဖြစ်စေရေးအတွက်လည်း အသင့်တော်ဆုံးနည်းလမ်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ကျောင်းများနှင့် ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပိုးလောက်လန်းများ သေစေသည့် အဘိတ်ဆေးများ ထောက်ပံ့ပေးခြင်း၊ မြို့နယ်များအတွက် ခြင်ဆေးမှုတ်စက်များဖြန့်ဝေခြင်း စသည်တို့ကို ကူညီပံ့ပိုးပေးလျက်ရှိပြီး သွေးလွန်တုပ်ကွေး စစ်ဆေးကိရိယာများ၊ ကုသရေးဆေးဝါးပစ္စည်းများကိုလည်း မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများသို့ ဖြန့်ဝေထားရှိကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်သည့် ခြင်မပေါက်ပွားအောင် ပိုးလောက်လန်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ဖုန်း၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းကို ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကြည်လွင်က သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးကို သရုပ်ပြသကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက တာဝန်ရှိသူများထံ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးတွင် အသုံးပြုသည့် အဘိတ်ဆေးအိတ်များ ပေးအပ်ကြပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးပြခန်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များက ခဝါသည်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး MERCURY FORCE သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုနှင့် တပ်မတော်ယာဉ်များပေါ်မှ ကုလားတန် -၂ သင်္ဘောပေါ်သို့ ရသေ့တောင်မြို့နယ်အတွက် ခွဲဝေဖြန့်ဖြူးသည့် အထွက်တိုးမျိုးစပါးအိတ်များ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ တရားသီးစုရပ်ကွက်နှင့် သုစိတ္တာရာမဓမ္မာရုံတို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စုပေါင်းလှုပ်ရှားမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၁)နှစ်မြောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

(၇၁)နှစ်မြောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန် ဦးအောင်အောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက တပ်ကုန်းမြို့ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရား နာယူရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၇၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဗဟိုဘဏ်စတင်တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၇၁)နှစ်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း၊ ဗဟိုဘဏ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အများပြည်သူ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ အကျိုးရှိရှိ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မှန်ကန်သော မူဝါဒများ ချမှတ်နိုင်ရန် လုပ်ငန်းကော်မတီအသီးသီး ဖွဲ့စည်း၍ တိုးတက်လာသော Digital Platform များ၊ စီးပွားရေးမူဘောင်များနှင့်အညီ အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာ ပံ့ပိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဘဏ်အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ထမ်းဆောင်ကြရသော တာဝန်အလိုက် နိုင်ငံတကာအဆင့်မီ သက်ဆိုင်ရာပညာရပ်များကို Professional Level တတ်ကျွမ်းကြရန် လိုအပ်ကြောင်း၊ မိမိတို့၏ Specialize ပညာရပ်များကို ပိုမိုတိုးတက်လာအောင် မျက်ခြည်မပြတ် နည်းလမ်းမျိုးစုံဖြင့် အမြဲလေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ကျရာတာဝန်ကို ကျေပွန်အောင် ကြိုးပမ်းကြရမည်ဖြစ်ပြီး ချစ်ခင်ညီညွတ်စွာဖြင့် စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (၇၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သော ဗဟိုဘဏ်အကြီးအကဲများ၊ အငြိမ်းစားအရာထမ်းကြီးများကိုယ်စား မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ အငြိမ်းစားများဖြစ်ကြသည့် ဦးကြည်အေးနှင့် ဦးသန်းညိန်းတို့က ဩဝါဒအမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက (၇၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အမှတ်တရ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ၏ ပညာသင်ထောက်ပံ့ကြေးငွေများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဝန်ထမ်းဟောင်းများအသင်းသို့ ထောက်ပံ့သည့် လှူဒါန်းငွေများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး သုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံးစာတမ်း ထူးချွန်ဆုရရှိသူ၊ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် (၃)ဘာသာ ဂုဏ်ထူးရရှိခဲ့သူ၊ Myanmar Pay Logo Award ဆု ရရှိသူတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလယ်အလတ်အဆင့် အရာထမ်းသင်တန်းတွင် သင်တန်းသားစံပြဆုရရှိသူ၊ ဒုတိယဆု ရရှိခဲ့သူ၊ Incident Handling Intrusion Detection သင်တန်းတွင် ဒုတိယဆုရရှိသူ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ဝန်ထမ်းများအား ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီက ကြီးမှူး၍ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက အမျိုးသမီးကော်မတီဝင်များထံသို့ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟော်ဂနီပင်၊ တိုင်းမှူးနှင့်ဇနီးတို့က မဟော်ဂနီပင်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသမီးကော်မတီဝင်များက မဟော်ဂနီပင်များနှင့် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနတို့မှ ဝန်ထမ်းများနှင့် တက်ရောက်လာကြသူ စုစုပေါင်းအင်အား ၇၅၀ဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် လှော်ကားရေဝေရေလဲဒေသ ၁၂ ဧကပေါ်တွင် မဟော်ဂနီပင် ၅၆၇၀၊ ငါးဆူ ၆၉၉ ပင်၊ Poulownia ၁၁၁ ပင် စုစုပေါင်း အပင် ၆၄၈၀ ကို စိုက်ပျိုးပေးခဲ့ကြသည်။

ထိုသို့ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## မွန်ပြည်နယ်တွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုး

မော်လမြိုင် ဇူလိုင် ၁

၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်များ စိုက်ပျိုးဖြစ်ထွန်းမည့် သစ်မာအမျိုးအစားကို တာဝန်ရှိသူများထံ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွန်ပြည်နယ် အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်မှုအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက သစ်မာအမျိုးအစားများ ဖြစ်သော ကျွန်း၊ ရင်ခတ်၊ ပုန်းညက်၊ ယင်းမာ၊ ခရေ၊ တပြေဘူတ၊ စိန်ပန်း၊ မည်ဆည်၊ မဟော်ဂနီ၊ မန်ဂျန်ရှား စသည့် အပင် ၇၀၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြပြီး သစ်ပင်စိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းမြို့တော်စီမံကိန်းဖြင့် လမ်းဘေးဝဲ / ယာ အရိပ်ရအလှပန်းပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇူလိုင် ၁

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနား ဘူတာရပ်ဝင်းဧရိယာအတွင်းရှိ အမြဲတမ်းဝန်ထမ်းနေအိမ်များနှင့် ဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နှင့် စီတာပူရပ်ကွက်ချင်းဆက်လမ်းဖြစ်သည့် ဒူဝါဇော်ရစ်လမ်းမတစ်လျှောက် ဘေးဝဲ/ ယာတို့တွင် မြို့တော်မြစ်ကြီးနားမြို့ကို ပန်းမြို့တော်စီမံကိန်းဖြင့် သပြေဘူတပန်းပင်များနှင့် စက္ကူပန်းပင်များ စနစ်တကျ ကာရံစိုက်ပျိုးထားရှိမှု၊ ဗလမင်းထင်သွားလမ်းတစ်လျှောက်လမ်းဘေးဝဲ/ယာတို့တွင် ပန်းပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထိုမှတစ်ဆင့် စက်မှုဇုန်ရပ်ကွက်အတွင်း “ဖြိုးဝေဝေ” စက္ကူနှင့်စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ပိုင် စက်ရုံအတွင်း တစ်ရှူးစက္ကူထုတ်လုပ်နေမှု၊ စွန့်ပစ်စက္ကူများကို ပျော့ဖတ်လိုင်းစက်ဖြင့် ကြိတ်ခွဲ၍ တစ်ဖက်ချောစက္ကူ ကတ်ထူပုံးများ ထုတ်လုပ်ဆောင်ရွက်နေမှုနှင့် နှစ်ဖက်ချောစက္ကူစက်လည်ပတ်နိုင်ရေး တပ်ဆင်ဆောင်ရွက်နေမှု၊ စက်မှုဇုန်ရပ်ကွက်အတွင်း လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပလာစေရေးနှင့် လမ်းနယ်ကျော်လွန်နေသည့် ယာယီအဆောက်အအုံများ ဖယ်ရှားနိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ဧက ၁၀၀ တင်း ၁၀၀ စံပြ စိုက်ကွက်အတွင်း မိုးစပါးစိုက်ပျိုးနိုင်ရေး ထွန်ယက်၍ ရေသွင်းဆောင်ရွက်ထားရှိမှု၊ စံပြစိုက်ကွက်ဧရိယာအတွင်း ဖြတ်သန်းစီးဆင်းသည့် အင်ဂျန်းခချောင်း အရှည်ပေ ၁၀၀၀ ကို ပြန်လည်တူးဖော်ပြီး တူးမြောင်းဘေးဝဲ/ယာ မြေသားတာပေါင်ပေါ်တွင် စက္ကူပန်းပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ အဆိုပါ တူးဖော်ထားသည့် အင်ဂျန်းခချောင်းတစ်လျှောက် မိုးရာသီအတွင်း စနစ်တကျ ငါးမွေးမြူနိုင်ရေးနှင့် စံပြကွက်အတွင်း ကျူးကျော်၍ ခြံခတ်ထားရှိမှုများကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သမဝါယမအသင်းများမှ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

လှိုင်သာယာ ဇူလိုင် ၁

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးကျော်ဆွေတို့က ဦးဆောင်၍ အမှတ်(၁၂) ရပ်ကွက် စစ်တွေလမ်းရှိ ရွှေဝါထွန်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်း လီမိတက် အသင်းဆိုင်တွင် (၁၀၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၇ နာရီက ဆန်၊ ဆီ၊ ကြက်ဥများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချ ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## အလှူငွေနှင့် ဆေးဝါးများ လှူဒါန်းပေးအပ်

ရန်ကုန် ဇူလိုင် ၁

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၊ ဂုဏ်ထူးဆောင် အသင်းသား ဦးအောင်လင်း - ဒေါ်ခင်သန်းနွဲ့၊ ပဒုမ္မာ ရွှေကြာဆေးတိုက် (ဆရာခို) (ခေခံခ) တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစုက သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း လိပ်စာမှတ်တမ်းစာအုပ်အတွက် ပထမအရစ် အလှူငွေကျပ် ငါးသိန်း၊ ဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာ (မှော်ဘီ) အတွက် အလှူငွေကျပ် ငါးသိန်းနှင့် ဓမ္မဒါနစာအုပ်များ၊ (ဆရာခို) ဆေးဝါးမျိုးစုံတို့အား အလှူရှင်များကိုယ်စား တူဖြစ်သူ ကိုဝင်းကိုသက်က အသင်းရုံးခန်းသို့ ယနေ့လာရောက် လှူဒါန်းခဲ့ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။




**အေးသန်း (စိန်တုံးကြီး)**

# တစ်စေ့မှ တစ်ပင်၊ တစ်ပင်မှ တစ်စုဖြစ်ဖို့ ဝိုင်းဝန်းညီညာ သစ်ပင်စိုက်စို့

နွေကံ့ကော်(မြို့လှ)



မိုးဦးကျလေပြီ။ မိုးနှင့်အတူ နှုတ်ဖျားတွင် ရွတ်ဆိုမိသည်ကား

**"သစ်တောနဲ့သစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး။"**

ဟူသည့် စာချိုးလေးပင်။ ထိုစာချိုးလေးအား မြန်မာနိုင်ငံတစ်ဝန်း ကားလမ်း၊ ရထားလမ်းဘေးရှိ တစ်အုပ်တစ်မစိုက်ခင်းများနှင့် သဘာဝသစ်တောဧရိယာများတွင် ဆိုင်းဘုတ်များအဖြစ်စိုက်ထူထားသည်ကို လွန်ခဲ့သောနှစ်များစွာမှသည် ယနေ့ထက်တိုင် တွေ့မြင်နေရဆဲဖြစ်သည်။

**သစ်တောသစ်ပင်များကို တက်ညီလက်ညီ စိုက်ပျိုးကြမည်ဆိုပါလျှင်**

သစ်တောကြီးများစွာကိုမဆိုနှင့်။ မိမိတို့အိမ်ခြံမြေအတွင်း စိုက်ထားသောအုန်းပင်၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ဒန့်သလွန် အစရှိသော နှစ်ရှည်ပင်များကြောင့် မိသားစုများ ရာသီစာ စားရသကဲ့သို့ မီးဖိုချောင်စရိတ်လေးများပါ ဖာထေးခွင့်ရရှိစေသည်။ အိမ်ခြံမြေအတွင်း အရိပ်အာဝါသကိုပေးစွမ်းရုံမက တစ်ဖက်တစ်လမ်းကပါ အပိုဝင်ငွေအတွက် အထောက်အကူပြုနေသောအပင်များဖြစ်၏။ အိမ်တစ်အိမ်မှသည် ရွာတစ်ရွာလုံးစိုက်ကြပျိုးကြမည်၊ ရွာတစ်ရွာမှ မြို့တစ်မြို့၊ ထိုမှ နောက်ဆုံးတစ်တိုင်းပြည်လုံး သစ်တောသစ်ပင်များကို တက်ညီလက်ညီ စိုက်ပျိုးကြမည်ဆိုပါလျှင် စားရေရိက္ခာအတွက် ပူပင်ရမည်မဟုတ်ပါချေ။ ထို့ကြောင့် သစ်တောသစ်ပင်များ ပိုင်ဆိုင်မှုအပေါ် ရွှေတိုက်ကြီးရရှိသည်နှင့် ပမာပြုခဲ့ခြင်းဖြစ်ပေသည်။

နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီကိုညီညွတ်မျှတစွာပိုင်ဆိုင်ပြီး ရာသီမပြတ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်သော၊ ထွန်ယက်စိုက်ပျိုးရန် မြေဆီမြေလွှာကောင်းမွန်သော၊ ကမ္ဘာ့ပထဝီအနေအထားအရ ပင်လယ်ကမ်းရိုးတန်းများပိုင်ဆိုင်မှုနှင့် အချက်အချာကျသောအမိမြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူ ဝမ်းသာမိသည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းအပြင် သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် မြစ်ချောင်း၊ အင်းအိုင်များ ရှိကြသည့်မို့ ရေအတွက် ပူစရာမလိုပေ။ နွေရာသီ ရေရှားပါးသည်ဆိုသော်လည်း အခြားသော ရေရှားပါးသည့်နိုင်ငံများထက်စာလျှင် များစွာသာလွန်နေသေးသည်။ မြေပိုင်ဆိုင်မှုနှင့်တွက်ပါကလည်း ကိုယ့်နိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် အခြားကမ္ဘာ့နိုင်ငံများထက်ပင် အရွယ်အစားကြီးမားလျက်ရှိ၏။ လူဦးရေနှင့် မြေအနေအထားအချိုးအစား လွန်စွာကွာဟနေသေး၏။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းများ ပိုရှိနေလေသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာခြင်းအားဖြင့် တစ်ဖက်တွင်အကျိုးပြုသကဲ့သို့ တစ်ဖက်တွင်လည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။ ထိုပြဿနာသည်ကား မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်နေရသော ပုစ္ဆာပင်ဖြစ်လေသည်။ နေ့စဉ်တိုးပွားလျက်ရှိသော ကမ္ဘာ့လူဦးရေ၏ စားသောက် နေထိုင်မှုအစုစုတို့အတွက် ပြဿနာများကို ဖြေရှင်းရာတွင် အစာအာဟာရအတွက် စိုက်ပျိုးမြေ၊ စားကျက်မြေများဖော်ထုတ်ရန် သစ်တောများခုတ်ထွင်ရှင်းလင်းရခြင်းနှင့် နေရာထိုင်ခင်းအတွက် အဆောက်အအုံများပြုလုပ်ရန် သစ်ပင်များခုတ်လှဲရခြင်းတို့သည် ပြုန်းတီးခြင်း၏အခြေခံများဖြစ်ကြသည်။ ထို့အပြင် တောသူတောင်သားများ၏ တောင်ယာအသစ် ဖော်ထုတ်ခြင်းနှင့် မြို့ပြစီမံကိန်းသစ်များဖော်ထုတ်ခြင်းတို့ကြောင့်လည်း သစ်တောများပြုန်းတီးရပြန်သည်။ မသိနားမလည်သဖြင့် တစ်ပိုင်တစ်နိုင် ခုတ်လှဲခြင်းမှသည် စီးပွားဖြစ် တရားမဝင်သစ်ခိုးထုတ်မှုများကြောင့် သစ်တောကြီးများ တစ်စတစ်စ လျော့နည်းလာရသည်။ ပိုဆိုးသည်ကား တောမီးလောင်ခြင်းပင်ဖြစ်၏။

**သစ်ပင်များစိုက်ရန် ကြိုးပမ်းခဲ့ကြ**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် မိုးနည်းရပ်ဝန်းဒေသဖြစ်၏။ မိုးခေါင်ခြင်းပြဿနာ ပြေလည်စေရေး သစ်ပင်များစိုက်ရန် ကြိုးပမ်းခဲ့ကြသည်။ စိုက်သည့်အပင်နှင့် ခုတ်သည့်အပင်အရေအတွက်မျှခြေမကိုက်သဖြင့် ရေက ရှားပြီးရင်း ရှားလာရသည်။ သစ်ပင်များမရှိလျှင် မိုးခေါင်မည်၊ မိုးခေါင်လျှင် ရေရှားမည်၊ ရေရှားပါးလျှင် စိုက်ပျိုးမွေးမြူရန်ခက်မည်၊ စိုက်ပျိုးမွေးမြူရေးမရှိလျှင် စားသောက်ရန် အဆင်မပြေတော့ပေ။ နောက်ဆုံး ကျန်းမာရေးပြဿနာများနှင့်ကြုံတွေ့ရပေမည်။ ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းမှတစ်ပါး ရှောင်လွှဲမရသည့် လေပြင်းမုန်တိုင်း၊ ရေကြီးမှု၊ ငလျင်၊ မြေပြိုမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရသည့် သာဓကများကမ္ဘာတွင်ရော မြန်မာ၌ပါ ကြုံတွေ့ရလျက်ရှိသည်။ ပြင်းထန်သည့် သဘာဝဘေးဒဏ်များသည် လူသားတို့ ကာလရှည် မသိကျိုးကျွံပြု၍စွာ လျစ်လျူရှုခဲ့မှုများကြောင့်ဖြစ်သည်ကို သုတေသီများက ဖော်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို မထိခိုက်စေသော ကမ္ဘာသစ်ကြီးဆီ ကူးပြောင်းနိုင်စေရန် ဝိုင်းဝန်းအဖြေရှာနေကြသည်။ ကျွန်တော်တို့နိုင်ငံတွင်မူ ရှိပြီးသားသစ်တောကြီးများကို ထိန်းသိမ်းခြင်းနှင့် သစ်ပင်များ ထပ်မံစိုက်ပျိုးခြင်းနည်းလမ်းများဖြင့် ကုစားလျက်ရှိနေပေသည်။ ထိုသို့စိုက်ပျိုးရာတွင် နှစ်ရှည်သီးပင် စားပင်များသာမက အရိပ်ရလေကာပင်များ၊ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်းကဲ့သို့ ရတနာတန်းဝင်ပင်များကိုပါ စိုက်ပျိုးလျက်ရှိကြသည်။ ထိုသို့စိုက်ပျိုးရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီမှုရှိသည့် နှစ်ရှည်ပင်များကို စီးပွားဖြစ်မှသည် သဘာဝဘေးဒဏ်ကာကွယ်ခြင်းများအထိ မျှော်မှန်းကာ တိုးချဲ့စိုက်ပျိုးကြမည်ဆိုပါလျှင် အကျိုးနှစ်ခု တစ်ပြိုင်တည်းဖြစ်ထွန်းစေမည်ဖြစ်သည်။ အသီးအရွက်များ စားသုံး၍မရသည့် သစ်တစ်ပင်ဖြစ်သည့်တိုင် နွေရာသီ ပူအိုက်သည့်အချိန်တွင် အရိပ်ခိုခွင့်တော့ အနည်းဆုံးရသေးသည်ကို သတိပြုမိလျှင် သစ်တစ်ပင် သစ်တောတစ်တော၏တန်ဖိုးကို ကောင်းစွာရှုမြင်နိုင်ကြမည်ဖြစ်သည်။

**သစ်ပင်များ၏ကျေးဇူး**

အနီးစပ်ဆုံး ဥပမာအနေဖြင့် ရန်ကုန်-မန္တလေးကားလမ်းလမ်းဟောင်းတွင် ဘေးဘယ်ညာတစ်လျှောက် ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းဝန်းရံထားသဖြင့် ခရီးသွားရသည်မှာ သက်သာမှုကိုဖြစ်ပေါ်စေသည်။ လူသာလျှင်မက ယာဉ်များပါ သက်သာကြ၏။ ရန်ကုန်-မန္တလေးလမ်းသစ်တွင်မူ စိုက်ထားသောအပင်များ၏သက်တမ်း နုသေးသဖြင့် အရိပ်အာဝါသ ကောင်းစွာမရသေးချေ။ ခရီးအကွာအဝေး ကျုံ့သွားသည့်တိုင် နွေရာသီနှင့်ဆောင်းကာလများတွင် ကားစီးရပါက ခရီးသည်များ မသက်သာလှ။ သစ်ပင်များ၏ ကျေးဇူးပင်ဖြစ်သည်။ ကျွန်တော့်မိဘများသည် ရမည်းသင်းဇာတိဖြစ်၏။ ရမည်းသင်း၊ ပျော်ဘွယ်၊ ရွှေဒါး၊ တပ်ကုန်းဒေသများတွင်မန်ကျည်းပင်များ အလွန်ပေါများ၏။ ထိုမန်ကျည်းကို အကြမ်းထည်မှသည် အချောအထိပြုလုပ်ကာ ဒေသခံများစီးပွားရှာခဲ့ကြသည်။ ယနေ့ထက်တိုင် ထိုဒေသများတွင်သက်တမ်းရှည် မန်ကျည်းပင်များကို တွေ့မြင်နေရပါသေးသည်။ သို့သော် အနည်းစုမျှသာ ဖြစ်ပါတော့၏။ လွန်ခဲ့သော ၁၀ နှစ်ခန့်ကပင် မီးသွေးလောင်စာဘဝ ရောက်သွားရသည့် မန်ကျည်းငုတ်တိုများကိုသာ အများဆုံးမြင်ရပါတော့သည်။ ထိုမြင်ကွင်းသည် ရမည်းသင်း၊ ပျော်ဘွယ်ဘက်တွင်သာမဟုတ်တော့ဘဲ မီးသွေးပွဲစားများ ကျင်လည်ရာဒေသတစ်လျှောက် ပြုန်းတီးမှုများ လက်ဆင့်ကမ်းခဲ့ကြခြင်းဖြစ်၏။ လွန်ခဲ့သော ၁၀ စုနှစ်ခန့်မှစ၍

စာမျက်နှာ ၁၁ သို့



**"သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို မထိခိုက်စေသော ကမ္ဘာသစ်ကြီးဆီကူးပြောင်းနိုင်စေရန် ဝိုင်းဝန်းအဖြေရှာနေကြသည်။ ကျွန်တော်တို့ နိုင်ငံတွင်မူ ရှိပြီးသားသစ်တောကြီးများကို ထိန်းသိမ်းခြင်းနှင့် သစ်ပင်များ ထပ်မံစိုက်ပျိုးခြင်းနည်းလမ်းများဖြင့် ကုစားလျက်ရှိနေပေသည်။ ထိုသို့စိုက်ပျိုးရာတွင် နှစ်ရှည်သီးပင်စားပင်များသာမက အရိပ်ရလေကာပင်များ၊ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်းကဲ့သို့ ရတနာတန်းဝင်ပင်များကိုပါ စိုက်ပျိုးလျက်ရှိကြသည်။ ထိုသို့စိုက်ပျိုးရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီမှုရှိသည့် နှစ်ရှည်ပင်များကို စီးပွားဖြစ်မှသည် သဘာဝဘေးဒဏ်ကာကွယ်ခြင်းများအထိ မျှော်မှန်းကာ တိုးချဲ့စိုက်ပျိုးကြမည်ဆိုပါလျှင် အကျိုးနှစ်ခု တစ်ပြိုင်တည်းဖြစ်ထွန်းစေမည်"**

# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး





နေပြည်တော် ဇူလိုင် ၁

အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ထိခိုက်စေသည့် ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ နိုင်ငံဖြတ်ကျော်မှုခင်းများကို ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး ဖြစ်စဉ်များကို ထိခိုက်စေသဖြင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ရောက်ရှိနေသော မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရှေ့နေချုပ်ရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို တက်ရောက်ခဲ့သည်။

အခမ်းအနားတွင်မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင်နှင့် ရှေ့နေချုပ် Mr. Igor Krasnov တို့က နှစ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ အဆိုပါ နားလည်မှုစာချွန်လွှာကို "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ကောင်းမွန်သည့် အလေ့အထများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းကျင်းပရန်၊ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ ဥပဒေရေးရာကိစ္စရပ်များတွင် အကြံဉာဏ်ပေးခြင်း၊ အဂတိလိုက်စားမှု ကျူးလွန်ရာမှရရှိသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပူးပေါင်းဖွင့်လှစ်ရန်၊ မျိုးဆက်သစ်လူငယ်များအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်" ရည်ရွယ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင်၊ ရှေ့နေချုပ် Mr. Igor Krasnov နှင့် သံအမတ်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် Mr. Igor Krasnov နှင့် သီးသန့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအမံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင်က "ယခုနှစ် ၂၀၂၃ ခုနှစ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ၇၅ နှစ်ပြည့်မြောက်သည့် စိန်ရတုနှစ်ဖြစ်သဖြင့် ထူးခြားသည့်နှစ် တစ်နှစ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးကဲသည့်ကာလတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နှစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး မှတ်တိုင်တစ်ခု ထူထောင်နိုင်ခြင်းပင်ဖြစ်သဖြင့် ဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်နိုင်ရေး ပြန်လည်ဆောင်ရွက်လျက်ရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ အကြံဉာဏ်ကို ရယူဆောင်ရွက်လိုပါကြောင်း၊ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကိုဆွေးနွေးလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Units – CPUs) ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့များသို့ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအဖွဲ့များကို တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေး ရှေ့နေချုပ်ရုံး၏ အကူအညီဖြင့် ဆောင်ရွက်လိုကြောင်း၊ ကော်မရှင်က လုပ်ဆောင်နေသည့် ကျောင်းသားလူငယ် အသိပညာပေးအစီအစဉ်များ၊ လူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအစီအစဉ်များတွင်လည်း နည်းပညာအကူအညီများကို ရယူလိုကြောင်း" ဆွေးနွေးခဲ့သည်။

ရှေ့နေချုပ် Mr. Igor Krasnov က ပြန်လည်ဆွေးနွေးရာတွင် "ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးအနေဖြင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မှုအတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ရှေ့နေချုပ်ရုံးအနေဖြင့်လည်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်း မပြုသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် လူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးလုပ်ငန်းများက အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရှေ့နေချုပ်ရုံးက ဆောင်ရွက်လျက်ရှိသည့် International Youth Social Anti-Corruption Advertising Competition "Together Against Corruption" တွင် အကဲဖြတ်ဒိုင်လူကြီးအဖြစ် ကူညီဆောင်ရွက်ပေးရန် ဖိတ်ခေါ်လိုပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် လွန်စွာအရေးကြီးသဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် "8th Eastern Economic Forum" တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ၏ ဆက်စပ်မှုကို ဆွေးနွေးသွားရန်ရှိသဖြင့် ကော်မရှင်ဥက္ကဋ္ဌကို ပါဝင်တက်ရောက် ဆွေးနွေးပေးပါရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသားလူငယ်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဖိတ်ခေါ်၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအတွက် လိုအပ်သည့် အသိပညာ၊ ဗဟုသုတများကို မိမိတို့ဘက်က သင်ကြားပေးလိုပါကြောင်းနှင့် အခြားလိုအပ်သည်များကိုလည်း ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၃၀ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ University of Prosecutor's Office သို့ ရောက်ရှိကာ တက္ကသိုလ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သင်ကြားပို့ချပေးခြင်း ဆောင်ရွက်နေမှုများကို လေ့လာခဲ့ပြီး ပါမောက္ခချုပ် Mr. MATSKEVICH Igor Mikhailovach နှင့် သီးခြားတွေ့ဆုံသည်။ ထိုကဲ့သို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌက "မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးအစီအစဉ်များ၊ ကျောင်းသားလူငယ် ပညာပေး အစီအစဉ်များနှင့် Edu-tainment အစီအစဉ်များကို ကျောင်းသားလူငယ်များအကြား အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် University of Prosecutor's Office of the Russian Federation တက္ကသိုလ်နှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုကြောင်းနှင့် နည်းပညာအထောက်အကူပြုသင်တန်းများ ပံ့ပိုးပေးစေလိုကြောင်းဆွေးနွေးခဲ့ရာ ပါမောက္ခချုပ် Mr. MATSKEVICH Igor Mikhailovach က ၎င်းတို့အနေဖြင့်လည်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ နည်းပညာသင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ယနေ့တွင် ပြန်လည်ရောက်ရှိသည်။

သတင်းစဉ်

---

● စာမျက်နှာ ၁၀ မှ

ကျွန်တော့်ဇာတိရွာလေးတွင်ပင် ထိုနည်းအတိုင်းဖြစ်နေခဲ့ပြီဖြစ်သည်။

အုန်းပင်၊ ထန်းပင်တို့မှ အသီး၊ အရည်များသည် လူသားတို့အတွက် နည်းလမ်းမျိုးစုံဖြင့် အကျိုးပြုသည့် အားလျော်စွာ အုန်းလက်၊ ထန်းလက်များသည်လည်း အမိုးအကာ အဆောက်အအုံ သုံးပစ္စည်းမှသည် တံမြက်စည်းအထိ အသုံးဝင်လှ၏။ အပင်တစ်ပင်လုံး အားဖြင့်လည်း လေမိုးဒဏ်ကို ကြံ့ကြံ့ခံနိုင်သဖြင့် အကာအကွယ်ကောင်းများ ပင်ဖြစ်ကြလေသည်။ ထိုနည်းတူစွာ မန်ကျည်းပင်များသည်လည်း အရွက်၊ အခေါက်၊ အသီး၊ အစေ့မကျန် တစ်ပင်လုံးအသုံးဝင်သည့်အပင်ဖြစ်၏။ ကျန်းမာရေးအတွက်လည်း အလွန်ကောင်းမွန်သော ဆေးဖက်ဝင်အပင်ဖြစ်ပေသည်။ ကျွန်တော်သတိပြုမိသလောက် ယနေ့ခုတ်လှဲခြင်းခံရသော မန်ကျည်းပင်များမှာ ရှေးဘိုးဘွားများက စိုက်ခဲ့ကြခြင်းဖြစ်၏။ သူတို့ကိုယ်တိုင် အကျိုးခံစားခဲ့ကြရသည့်တိုင် အသီးအရွက်များကို နောင်းလူတို့ စားသုံးခွင့်ရကြသည်။ သို့သော် ကျေးဇူးတရားကို ဥပေက္ခာပြုလျက် နှစ်စဉ်ထိုအကျိုးပြုနေသည့်အပင်ကြီးများအား လက်တလော ငွေရလွယ်မှု နောက်လိုက်ကာ ပွဲစားများလက်အပ်လိုက်ကြသည်။ ရသည့်ငွေနှင့် ဆုံးရှုံးသွားသည့်အရာများကိုမမြော်တွေးနိုင်သူများကြောင့် ၂၀၀၈ ခုနှစ်နောက်ပိုင်း သဘာဝဘေးဒဏ်ဆိုးများကို ပိုမိုခံစားခဲ့ရခြင်းပင်ဖြစ်ပေသည်။

ကျေးလက်တောရွာ လူတန်းစားအသီးသီးမှသည်သူဌေးသူကြွယ်အားလုံး အထိ သစ်တောသစ်ပင်များကိုထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြပေသည်။ မလွဲရှောင်သာ၍ ခုတ်ထွင်ရမည်ဆိုပါက မည်သို့ ထပ်မံအစားထိုးစိုက်ပျိုးမည် နည်းကိုပါ ကြိုတင်စဉ်းစားသင့်သည်။ တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်ကာ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သား၊ ငါးဂေဟစနစ်များ မပျက်စီးရေး၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်စေရန်အလို့ငှာ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ထို့အပြင် မိုးရာသီရောက်တိုင်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနအသီးသီး၏ သစ်ပင်စိုက်ပျိုးပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် သစ်ပင်စိုက်ပျိုးပွဲများကိုလည်း ကျင်းပလျက်ရှိကြသည်။

သဘာဝတရားက ပေးအပ်ထားသည့် အဖိုးတန်မိုးရေကို ထိရောက်စွာ အသုံးချကာ သစ်တောသစ်ပင်များ ပြန်စပျိုးထောင်ခြင်းသည် တိုင်းပြည်အတွက် ရွှေအိုးရှာနေရာကို အခမဲ့ရရှိခြင်းပင်ဖြစ်၏။ မိမိတို့နိုင်ငံတွင် မိုးဖြိုင်ဖြိုင်ရွာသလောက် အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများ၌ မိုးခေါင်ကြသည်။ သဘာဝက သူတို့ထက်သာလွန်စွာ မိမိတို့ကို အခွင့်အရေးများ ပေးထားကြသည်။ ထိုအခွင့်အရေးများကို ထိမိစွာ အသုံးချရန်လိုသည်။ သစ်တောသစ်ပင်များကို ချစ်ခင်တန်ဖိုးထားရမှန်း သိစေရန် ကလေးသူငယ်များကို မူလတန်းအရွယ်ကတည်းကအသိပညာပေးထားရပေမည်။ သို့မှသာ သစ်တောသစ်ပင်များ တစ်စတစ်စပြုန်းတီးခြင်းမှကင်းဝေးကာ စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်ကို ပိုင်ဆိုင်ပြီး နောင်းလူတို့အတွက် ရွှေတိုက်ကြီးကို အုတ်မြစ်ချပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ယုံကြည်မှုနှင့်အတူ

"တစ်စေ့မှတစ်ပင်
တစ်ပင်မှတစ်စု
တစ်စုမှ တစ်တော
တစ်တောမှ တစ်ရွာ
ပျိုးထောင်ပါက
ဘယ်မှာတို့များ သစ်ထင်းရှားလိမ့်"

ဟူသည့် သစ်တောဦးစီးဌာနမှ စာစုလေးတစ်ခုကို သတိရမိလိုက်ပါတော့သည်။ ။

# ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန် ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးနှင့် တာဝန်ရှိသူများသည် မြို့သန့်ရှင်းသာယာလှပရေးအတွက် အစိုးရရပ်ကွက်၊ ပင်လယ်ကမ်းခြေအနီးရှိ ဦးဥတ္တမပန်းခြံဝင်းအတွင်း/အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းနေအိမ်လိုင်းခန်း ခြံဝင်းတို့ကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့ပြင် ငလပွေ့ရပ်ကွက်နှင့် ကုလာဘာတောင်ရပ်ကွက်တို့ရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်နေပြည်သူများ၏ နေအိမ်များ၌ မြို့ပေါ်ပရဟိတအဖွဲ့များက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့လုံးကျွတ်ခြင်ဆေးဖျန်းခြင်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်-မောင်တောသွား လမ်းဘေးဝဲ/ယာရှိ အမှိုက်များ၊ ချုံနွယ်များ ပေါင်းပင်ခုတ်ထွင်ရှင်းလင်းခြင်း၊ အနောက်ရပ်ကွက် မေယုလမ်းတစ်လျှောက်နှင့် ရွာမကျေးရွာအုပ်စု၊ အိုး/အိမ် ဝန်ထမ်းအိမ်ရာတို့၌ မြို့နယ်၊ ကျေးရွာသန့်ရှင်းသာယာလှပစေရေး သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်နေသော ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများကို အားပေးစကားပြောကြားသည်။

## ဆက်ကပ်လှူဒါန်း

ထို့ပြင် တောင်ရပ်ကွက်ရှိ ဝေနေယျသုခပရဟိတ စာသင်ကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ပြီး အဆိုပါကျောင်းတိုက်၌ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို ကြည့်ရှုအားပေးကာ ဆရာတော်ကြီးအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကျောင်းသူကျောင်းသားများအား အာဟာရဖြည့် နေ့လယ်စာကျွေးမွေးနေမှုတို့ကို ကြည့်ရှုပြီး လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မည့်ပစ္စည်းများကို မီးရထားဆိပ်ရပ်ကွက် စားသုံးသူရေးရာဂိုဒေါင်သို့ သယ်ယူပို့ဆောင်နေသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ မြောက်ဦးမြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်း၌ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်



ရှင်းလင်းခြင်း၊ ကျောင်းသန့်ရှင်းသာယာလှပရေးအတွက် ကျောင်းသန့်ရှင်းရေးပြုလုပ်နေသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လေဘေးသင့် တောင်သူများ၏ စပါးစိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်ကထောက်ပံ့သော မျိုးစပါးများကို ရသေ့တောင်ဆိပ်ကမ်း၌ စိစစ်လက်ခံခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျေးရွာများသို့ ဖြန့်ဝေပေးနိုင်ရေး လုပ်အားပေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးနှင့် တာဝန်ရှိသူများသည် ကျောက်တော်ရပ်ကွက်ရှိ မြို့နယ်လူမှုဝန်ထမ်းရုံး (လျာထား)မြေနေရာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်တင်ဆွေနှင့် တာဝန်ရှိသူများသည် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကညင်တန်း ဗိုလ်မှူးရွာအဝင်လမ်း ပေ ၁၅၀၀ အရှည်ရှိ ရေမြောင်းကို ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု၊ မြို့မတောင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသန့်ရှင်းသာယာလှပရေးကျောင်းခြံဝင်းအတွင်းရှိ မြက်ပင်၊ ပေါင်းပင်များ၊ ချုံနွယ်များ၊ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့ပြင် မုန်တိုင်းဘေးကြောင့် လေဘေးသင့်ပြီး မြို့တွင်းသို့သွယ်တန်းထားသော ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးများကို ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁

သဘာဝ ဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ အုန်းတောကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြောက်ဦးမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း/အပြင်၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အခြေခံပညာအထက်တန်း ကျောင်းရှေ့၌ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ပူးပေါင်း၍ မောင်နီရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မြို့မတောင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဗိုလ်မှူးရုံလမ်းအတွင်းရှိ လမ်းဘေးဝဲ/ယာနှင့် ပိတ်ဆို့နေသောရေမြောင်းအတွင်းရှိ အမှိုက်အညစ်အကြေးများကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ အစိုးရရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနေအိမ်လိုင်းခန်းခြံဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ ဘူးသီးတောင် မြို့အတွင်း၌ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေနေယျသုခပရဟိတ စာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ညောင်လေးပင်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေး

ညောင်လေးပင် ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်အဖြစ် ဇွန် ၃၀ ရက်က မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်အသင်းစုတို့ပူးပေါင်း၍ ဘုန်းတော်ကြီးသင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အာဟာရတိုက်ကျွေးခြင်းဆောင်ရွက်ရာတွင် ပါဠိသိပ္ပံဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ သံဃာတော် ခုနစ်ပါးနှင့် ဒက္ခိဏာရာမအသောကာရုံတောင်ကျောင်းမှ သံဃာတော် ၂၅ ပါးတို့အား ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် စာပေပညာများပို့ချပေးလျက်ရှိသည့် ဆရာ ဆရာမ ၁၁ ဦးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၇ ဦးအား စာရေးကိရိယာများ၊ ကျောင်းသုံးဗလာစာအုပ်များလှူဒါန်းပေးခဲ့ပြီး အာဟာရများတိုက်ကျွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေကြည်မြို့နယ်၌ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ အသိပညာပေးဆွေးနွေး

ရေကြည် ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စိမ်းလဲ့ရေကြည်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီခွဲက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

ရှေးဦးစွာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းချစ်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ၏ အခွင့်အရေး၊ လိုက်နာရမည့် စည်းကမ်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားဖြေရှင်းခြင်းနှင့် အယူခံခြင်းစသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကမ္ဘောဒီးယားနိုင်ငံ၌ ပါတီစုံရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ စတင်

ဖနောင်ပင် ဇူလိုင် ၁

ကမ္ဘောဒီးယားနိုင်ငံ၌ ပါတီစုံရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ စတင်လျက်ရှိကြောင်း သိရသည်။

ပါတီစုံရွေးကောက်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံရေးပါတီ ၁၈ ခုသည် မဲဆွယ်စည်းရုံးမှုများ စတင်လျက်ရှိသည်။

ဝန်ကြီးချုပ်ဟွန်ဆန်၏ အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီသည် ထောက်ခံမဲအများဆုံးရရှိနိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ဟွန်ဆန်သည် မြို့တော်ဖနောင်ပင်၌ ယနေ့ကျင်းပသည့် မဲဆွယ်စည်းရုံးပွဲ၌ ထောက်ခံသူထောင်ပေါင်းများစွာအား ၎င်းဦးဆောင်သည့် အစိုးရအဖွဲ့၏ အောင်မြင်မှုများကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ၎င်း၏သားအကြီးဆုံးဖြစ်သူ ဟွန်မာနက်ကို ထောက်ခံမဲများပေးကြရန် ပြည်သူများကို ဝန်ကြီးချုပ် ဟွန်ဆန်က တောင်းဆိုသည်။

ဟွန်ဆန်သည် နိုင်ငံ၏ အချုပ်အခြာအာဏာကို နှစ်ပေါင်း ၄၀ နီးပါး ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



## ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ အကောင်းဆုံးခရီးသွား ကျေးရွာများစာရင်းတွင် ပါဝင်နိုင်ရေး ဘရူနိုင်းနိုင်ငံက ကျေးရွာနှစ်ရွာကို အမည်စာရင်းတင်သွင်း

ဘန်ဒါဆရီဘီဂါဝန် ဇူလိုင် ၁

ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ အကောင်းဆုံးခရီးသွားလုပ်ငန်း ကျေးရွာများစာရင်းတွင် ပါဝင်နိုင်ရေး ဘရူနိုင်းနိုင်ငံက နိုင်ငံအတွင်းရှိ ကျေးရွာနှစ်ရွာအတွက် လျှောက်လွှာများကို အောင်မြင်စွာ အမည်စာရင်းတင်သွင်းနိုင်ခဲ့ကြောင်း ဘရူနိုင်းအစိုးရက ဇူလိုင် ၁ ရက်တွင် ပြောကြားခဲ့သည်။



ဘရူနိုင်းနိုင်ငံက အမည်စာရင်းတင်သွင်းခဲ့သည့် ကျေးရွာနှစ်ရွာမှာ တူတန်ခရိုင်မှ မူကင်တန်ဂျွန်မာယာကျေးရွာနှင့် တန်ဘူရွန်ခရိုင်မှ မူကင်အာမိုကျေးရွာတို့ဖြစ်ကြောင်း ဘရူနိုင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြောကြားသည်။

**၂၀၂၁ ခုနှစ်တွင် စတင်ခဲ့**

ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ အကောင်းဆုံးခရီးသွားလုပ်ငန်းကျေးရွာများ ရွေးချယ်မှု အစီအစဉ်သည် ခရီးသွားလုပ်ငန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သာယာဝပြောရေး မောင်းနှင်အားဖြစ်စေရန်အတွက် ၂၀၂၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လျှောက်လွှာများကို ကျေးရွာ၏ ရေရှည်တည်တံ့မှု၊ အခြေခံအဆောက်အအုံ၊ ခရီးသွားလုပ်ငန်းတန်ဖိုး စသည်တို့ အပါအဝင် စည်းကမ်းချက်ကိုးခုအပေါ် အခြေခံ၍ နယ်ပယ်အသီးသီးမှ လွတ်လပ်သော နိုင်ငံတကာအကြံပေးဘုတ်အဖွဲ့က အကဲဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တူတန်ခရိုင်မှ မူကင်တန်ဂျွန်မာယာ ကျေးရွာနှင့် တန်ဘူရွန်ခရိုင်မှ မူကင်အာမိုကျေးရွာတို့သည် အဓိကစံနှုန်းများနှင့် ကိုက်ညီနေခြင်းကြောင့် အဆိုပါကျေးရွာနှစ်ရွာ၏ ကြွယ်ဝသောယဉ်ကျေးမှု အမွေအနှစ်များနှင့် ပကတိသဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရန် ဘရူနိုင်းနိုင်ငံက ကတိကဝတ်ပြုထားကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

## ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ လူကုန်ကူးခံရသူ ၂၇၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့

မနီလာ ဇူလိုင် ၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ လူကုန်ကူးခံရသူ ၂၇၀၀ ကျော်ကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

လူမှုကွန်ရက်များပေါ်တွင် လိမ်လည်လှည့်ဖြားထားသည့် တရားမဝင်အွန်လိုင်းလောင်းကစားဝက်ဘ်ဆိုက်များနှင့်ပတ်သက်ပြီး လှည့်စားခြင်းခံခဲ့ရသည်ဟု လူကုန်ကူးခံရသူများက ဆိုသည်။

လက်စ်ပီးနက်စ်စီးတီးရှိ စီးပွားရေးဇုန်တစ်ခုအတွင်း အဆောက်အအုံခုနစ်ခုကို အာဏာပိုင်များက ဇွန် ၂၇ ရက်က ဝင်ရောက်စီးနင်းခဲ့သည်။ ရဲအရာရှိများက ဆိုက်ဘာရာဇဝတ်ဂိုဏ်းတစ်ခုကို ပစ်မှတ်ထားရှာဖွေခဲ့ရာ လက်နက်များ၊ စာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်အထောက်အထားများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

သံသယရှိသူဦးရေ မည်မျှ အဖမ်းခံရသလဲဆိုသည်ကို မသိရသေးပေ။ လူကုန်ကူးခံရသူများအနက် ထက်ဝက်ကျော်သည် ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ပြီး တရုတ်နိုင်ငံ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မလေးရှား အပါအဝင် အနည်းဆုံး ၁၇ နိုင်ငံမှ နိုင်ငံသားများလည်း ပါဝင်ကြောင်း သိရသည်။

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က လက်ရှိထိန်းသိမ်းထားသည့် သံသယရှိသူ နိုင်ငံခြားသားများကို ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ပို့ဆောင်သွားမည်ဖြစ်သည်။ ဆိုက်ဘာရာဇဝတ်ဂိုဏ်းများနှင့် ဆက်စပ်သည့် လူကုန်ကူးမှုဖြစ်စဉ်များသည် အရှေ့တောင်အာရှတွင် မြင့်တက်လျက်ရှိသည်။

လစာကောင်းရရှိမှုနှင့် လုပ်ငန်းခွင်အခြေအနေကောင်းများရရှိစေမည့် ကြော်ငြာအတုများသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများကို ဆွဲဆောင်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

## ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က အမေရိကန်၏ ပြန်လည်ဝင်ရောက်ရန် တောင်းဆိုချက်ကို အတည်ပြု




ကုလသမဂ္ဂ ဇူလိုင် ၁

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)သည် အမေရိကန်နိုင်ငံ၏ပြန်လည်ဝင်ရောက်ရန် တောင်းဆိုချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

အမေရိကန် နိုင်ငံသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့မှ ငါးနှစ်ကြာနုတ်ထွက်ခဲ့ပြီးနောက် ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

**မဲအများဆုံးရရှိ**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ယူနက်စကိုရုံးချုပ်၌ ယမန်နေ့တွင် ကျင်းပသည့် အစည်းအဝေးတစ်ခုတွင် အမေရိကန်နိုင်ငံ၏ ပြန်လည်ဝင်ရောက်လာမှုကို အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲအများဆုံးရရှိခဲ့ကြောင်း သိရသည်။

အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့မှ ၂၀၁၇ ခုနှစ်တွင် နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့သည်။

ယူနက်စကိုနှင့် အမေရိကန်နိုင်ငံတို့သည် အစ္စရေးနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက် မတူညီသည့်အတွက် အမေရိကန်နိုင်ငံကို ယူနက်စကိုမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထရမ့်ဦးဆောင်သည့် အစိုးရသည် အစ္စရေးလိုလားသည့် ရပ်တည်ချက်ကိုခံယူပြီး ၂၀၁၈ ခုနှစ်တွင် တရားဝင်နုတ်ထွက်ခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## တောင်အာဖရိကနိုင်ငံ၌ ရေကြီးမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေ

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၁

တောင်အာဖရိက နိုင်ငံ ကွာဇူးလူးနာတယ်လ် ကမ်းရိုးတန်းပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ရေကြီးမှုများကြောင့် ခုနစ်ဦးသေဆုံးကာ ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် သေဆုံးသူ ခုနစ်ဦးနှင့် ပျောက်ဆုံးသူ ခုနစ်ဦးရှိကြောင်း ကနဦးသတင်းရရှိထားပြီး ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ ကွာဇူးလူးနာတယ်လ်ပြည်နယ်၏ ဒေသတချို့တွင် ဇွန် ၂၇ ရက်ကလည်း လေဆင်နှာမောင်း တိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကြီးမားသော ပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း ၅၅၂ ဦး ထိခိုက်ခဲ့ပြီး လူပေါင်း ၁၅၁ ဦးသည် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ လူနေအိမ် အလုံး ၇၀ လုံးဝပျက်စီးခဲ့ကြောင်းနှင့် လူနေအိမ် ၁၁၀ မှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးများ၊ ကျောက်စိမ်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



နေပြည်တော် ဇူလိုင် ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင်တရားမဝင်ကုန်သွယ်မှု တားဆီး/ ထိန်းချုပ်ရေးအဖွဲ့က မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ရေပူကျေးရွာရှိ ဂိုဒေါင်အား တရားမဝင်ကုန်ပစ္စည်းများ မရှိစေရေးအတွက် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဂိုဒေါင်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မုန်လာဥနီ ကီလိုဂရမ် ၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က လက်ပံလှ-စဥ့်ကူးယာယီစစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးအား စိစစ်ရာ အကောက်ခွန်မဲ့ပစ္စည်းများ တွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လယ်ယာသုံးစက်အပိုပစ္စည်းများ Shaft Disc Forrow အခု ၁၉၀ အပါအဝင် ကုန်ပစ္စည်း အမျိုး ၂၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၆၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mam Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၉၆၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ပုတီးလုံး ကီလိုဂရမ် ၅၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၈၁ တန်နှင့် သစ်မာ ၃ ဒသမ ၇၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၃၃၃၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဘုရားကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာအနီး ပျဉ်ပုံကြီးရွှေသံလွင်တိုးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့မှ ဒိုက်ဦးမြို့သို့ မောင်းနှင်လာသည့် လိုင်စင်မဲ့ Toyota Hilux ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၃၃၃၆)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ထားဝယ်မြို့ ကျောက်ရပ်ကျေးရွာ ထားဝယ်-မြိတ်ကားလမ်း ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ်ဆေးဝါးပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan MK 37A Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၆၉၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၇၈၃၃၆) ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ပြည် ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်မြို့ အမှတ်(၃၇) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးမျိုးမင်းက ရှေးခေတ်အဆက်ဆက်မှစ၍ မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါးရောက်ရှိလာပုံသမိုင်းကြောင်းနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့မှုများ၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များနှင့် ပြစ်မှု/ပြစ်ဒဏ်များအကြောင်း စသည့် မူးယစ်ဆေးဝါးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြည်တက္ကသိုလ်၏ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



# လွိုင်လင်မြို့ အထက(၃)၌ ငှက်ဖျားအန္တရာယ် သတိပြုရန်တူဗာတ်တိုက်လေ့ကျင့်

လွိုင်လင် ဇူလိုင် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အထက(၃)၌ ငှက်ဖျားအန္တရာယ် သတိပြုရန်တူဗာတ်တိုက်လေ့ကျင့်ခြင်းကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်း၍ ယမန်နေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ လွိုင်လင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သင်းမြတ်ရည်ဝင်းက ငှက်ဖျားအန္တရာယ် သတိပြုရန်တူဗာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်ရသည့်ရည်ရွယ်ချက်ကို လည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးလှိုင်က မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့်စပ်လျဉ်း၍ လည်းကောင်းရှင်းလင်းပြောကြားပြီး ငှက်ဖျားအန္တရာယ်သတိပြုရန်တူဗာတ်တိုက်လေ့ကျင့်ခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျုံပျော်မြို့၌ တိရစ္ဆာန်အစာပင် နေပီယာမြက်များ စုပေါင်းစိုက်ပျိုး

ကျုံပျော် ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်းကို ကျုံပျော်မြို့ တောဇရပ်ကွက်ရှိ အဆိုပါရုံးဝင်းအတွင်း၌ ဇွန် ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ စိုက်ပျိုးရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းမင်း ဦးဆောင်သည့် ဝန်ထမ်းများက မျိုးထိန်းမျိုးဖြန့်ဖြူးရေးစိုက်ခင်း မြေအကျယ်သုည ဒသမ ဝ၅ ဧကတွင်နေပီယာမြက်များအား နည်းစနစ်တကျ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

တိရစ္ဆာန်အစာပင် နေပီယာမြက်တွင် အသားဓာတ် ပါဝင်မှုများသည့်အတွက် စိုက်ပျိုးကျွေးမွေးခြင်းဖြင့် တိရစ္ဆာန်များတွင် အာဟာရဓာတ်ပြည့်ဝ၍ ဝဖြိုးကျန်းမာခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ခြင်း၊ နို့နှင့် အသားထုတ်ကုန်စွမ်းအားမြင့်မားခြင်း၊ တိရစ္ဆာန်အညစ်အကြေးမှ ဇီဝမြေဩဇာ ရရှိသုံးစွဲနိုင်ခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဓနုဖြူမြို့နယ်၌ လယ်ယာမြေဥပဒေ အသိပညာပေးဆွေးနွေး

ဓနုဖြူ ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ လယ်ယာမြေဥပဒေအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေးရှင်းလင်းပွဲကို ဇွန် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးတင့်ဇော်အေးက လယ်ယာမြေလုပ်ပိုင်ခွင့်ရသူများ၏ အခွင့်အရေး၊ လိုက်နာရမည့်



စည်းကမ်းချက်များ၊ လယ်ယာမြေဥပဒေ၊နည်းဥပဒေများနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပန်းတောင်းမြို့နယ်၌ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသင်းသားများသို့ ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

ပန်းတောင်း ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ နေခြည်လင်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ (၁၀၁)နှစ်မြောက် သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသင်းသားများသို့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့စိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော အသင်းသူအသင်းသား ၁၄ ဦးအား ထောက်ပံ့ငွေကျပ် ၂၆၀၅၅၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၇-၆-၂၀၂၃ ရက်နေ့မှအဆက်)

**ကောသမ္ဗီပြည်မှ ဘုရားရှင်တစ်ပါးတည်း ထွက်ခွာကြွသွားတော်မူခြင်း**

ဘုရားရှင်သည် သူဆုံးမသည်ကို နားမထောင် မလိုက်နာသောကြောင့် သူတစ်ပါးတည်းနေလျှင် ကောင်းမည်ဟုကြံ၍ သူ၏အနီးစပ်ဆုံးသော တပည့်သာဝကများဖြစ်သည့် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာတို့ကိုပင် အသိမပေး အကြောင်းမကြားဘဲ တစ်ပါးတည်း ပါလိလေယျက (ပလလဲ) တောအုပ်သို့ ရှေးရှုကြွသွားတော်မူလေသည်။

ဘုရားရှင်သည် လမ်းခရီးတွင် ပထမဦးဆုံး “ဗာလကလောဏ”ရွာသို့ ရောက်လေသည်။ ထိုရွာကိုမှီ၍နေသော အရှင်ဘဂုမည်သော ရဟန်းတစ်ပါးနှင့်တွေ့သည်။ ၎င်းသည် တောကျောင်းလေး၌တစ်ပါးတည်းနေသည်။ ဘုရားကြွလာသည်ကို မြင်လေသော် သပိတ်သင်္ကန်းများ လှမ်းယူ၍ ခရီးဦးကြိုပြုသည်။ ဘုရားရှင်သည် ရဟန်းအား ကျန်းမာရေး၊ နေထိုင်ရာ၌မျှတမှု၊ ဆွမ်းကွမ်းလုံလောက်မှုရှိသလားဟုမေးရာ ၎င်းကလည်း အားလုံးအဆင်ပြေကြောင်း ဖြေကြားလေသည်။ ရဟန်းထံ၌ ဘုရားရှင်သည် နေ့ဝက်နှင့်တစ်ည နေတော်မူပြီး တစ်ပါးတည်း နေခြင်း၏ အကျိုးအာနိသင်ကို ဟောကြားလေသည်။ ထို့နောက် ဘုရားရှင်သည် အရှေ့ဝါးတောသို့ ခရီးဆက်လက်ကြွတော်မူလေသည်။

ဝါးတောတွင် အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ စသည့်ရဟန်းသုံးပါးသည် အချင်းချင်း ညီညွတ်စွာ နေထိုင်နေကြသည်။ အရှင်အနုရုဒ္ဓါသည် ဘုရားရှင် ကြွလာသည်ကိုမြင်သော် ၎င်းသည် တစ်ပါးတည်း သွားရောက်ကြိုဆိုခြင်းမပြုဘဲ ဘုရားရှင်က သူတို့ညီညွတ်စွာ နေထိုင်ကြောင်း သိသာထင်ရှားအောင် သူ့အဖော်နှစ်ဦး ရဟန်းတို့ခေါ်၍ သွားကြိုကြသည်။ ဘုရားရှင်သည် ၎င်းတို့ခင်းထားသောနေရာတွင်ထိုင်လျက် အရှင်အနုရုဒ္ဓါအား ကျန်းမာ၏လော၊ ဣရိယာပုတ်လေးပါး မျှတပါ၏လော၊ ဆွမ်းကွမ်းများ လုံလောက်ပါ၏လောဟု မေးလေသည်။ အရှင်အနုရုဒ္ဓါကလည်း ဘုရားရှင်မေးသောစကားကို ကျန်းမာညီညွတ်မျှတ ဆွမ်းကွမ်းလုံလောက်ကြောင်း ပြန်၍လျှောက်ထားသည်။

ဘုရားရှင်က ထပ်မံ၍ အရှင်အနုရုဒ္ဓါအား သင်တို့သုံးဦးသည် ညီညွတ်ပြီး မငြင်းခုံကြဘဲ နို့နှင့်ရေကဲ့သို့ဖြစ်သည့်အလား နေထိုင်ကြပါ၏လောဟု မေးသည်။ အရှင်အနုရုဒ္ဓါကလည်း သူတို့ မငြင်းမခုံ ညီညွတ်ဝမ်းမြောက်စွာနေပါကြောင်း လျှောက်ထားသည်။ ဘုရားရှင်က ဤသို့ နို့နှင့်ရေကဲ့သို့ဖြစ်အောင် မည်သို့နေထိုင်ပါသလဲဟု အနုရုဒ္ဓါအား မေးသည်။

အရှင်အနုရုဒ္ဓါက ဤမထေရ်တို့နှင့်နေရသည်မှာ ကုသိုလ်ကံကောင်းလေစွ၊ စိတ်သန္တာန်တွင်လည်း ရှိပါ၏။ မထေရ်နှစ်ပါးအပေါ်၌ မေတ္တာနှင့်ယှဉ်သော ကံသုံးပါးကို ထားရှိပါ၏။ မိမိဆန္ဒသဘောအလိုကို မလိုက်ဘဲ အရှင်မြတ်မထေရ်နှစ်ပါး၏အလိုအတိုင်း ကျင့်ဆောင်ပါ၏။ တပည့်တို့ သုံးဦးမှာ ကိုယ်သာကွဲပြားနေသော်လည်း စိတ်မှာ တစုတည်းရှိကြောင်း လျှောက်ထားသည်။ ဘုရားရှင်သည် ညီညွတ်ခြင်း၏ အကျိုးအာနိသင်ကို ဟောကြားပြီး ပါလိလေယျကရွာသို့ တစ်ပါးတည်းကြွတော်မူသည်။

**ဘုရားရှင်အား ပါလိလေယျက ပလလဲတော၌ ပလလဲဆင်မင်းလုပ်ကျွေးခြင်းဖြင့် ဒသမဝါကပ်တော်မူခြင်း**

ပါလိလေယျကရွာသို့ ဘုရားရှင်ရောက်တော်မူသောအခါ ရွာသူရွာသားများက ဘုရားရှင်ကို ခရီးဦးကြိုပြုကြသည်။ အလှူဒါနလည်း ပေးကြလေသည်။ ထို့နောက် ရွာနှင့်မနီးမဝေး “ရက္ခိတ” အမည်ရှိ တောအုပ်ကြီး၌ ကျောင်းသင်္ခမ်းကို ဆောက်လုပ်ပြီး ဘုရားရှင်အား ရွာသူရွာသားများက ဤတော၌နေ၍ သီတင်းသုံးတော်မူပါရန် လျှောက်ထားကြကုန်သည်။

ဘုရားရှင်သည် ယင်းရွာ၌ ဆွမ်းခံရန်ရွာ (ဂေါစရဂါမ်) ပြု၍ ဤတောအတွင်း၌ ကျောင်းသင်္ခမ်းအနီးရှိ အင်ကြင်းပင်ကြီးအနီး၌ တစ်ပါးတည်း သီတင်းသုံးတော်မူသည်။ ဘုရားရှင်က ကောသမ္ဗီရဟန်းများနှင့် ရောပြွမ်း၍ နေခဲ့ရသောကြောင့် ရှေးအခါက စိတ်ချမ်းသာမှုမရ၊ ထိုရဟန်းတို့နှင့် ကင်းကွာစွာ တစ်ပါးတည်းနေရ၍ စိတ်ချမ်းသာကြောင်း အကြံဖြစ်တော်မူသည်။

ထိုအချိန်၌ ဤတောတွင် “ပါလိလေယျက” (ပလလဲ) မည်သော ဆင်ကြီးတစ်ကောင်သည် ဆင်ပေါက်၊ ဆင်မ၊ ဆင်ရွှေ၊ နို့စို့ဆင်ငယ်တို့နှင့်အတူ ရောပြွမ်း၍ နေထိုင်လျက်ရှိသည်။ တစ်နေ့သောအခါ၌ ထိုဆင်ကြီးသည် အခြားဆင်များနှင့် ရောပြွမ်းနေရသောကြောင့် အညွန့်ပြတ်မြက်တို့ကို ၎င်းတို့စားပြီးမှ အကျန်စားရသည်။ သူရှာထားသော သစ်ခက်သစ်ကိုင်းတို့ကို ထိုဆင်များ စားပစ်ကြကုန်သည်။ ရေဆိပ် ရေချိုးပြီးတက်လာသော ဆင်မတို့ကလည်း ပွတ်တိုက်သွားကြပြန်သည်။ ရေနောက်ကိုလည်း သောက်ရသည်။ ဤသို့ဖြစ်၍ ၎င်းတို့နှင့်မနေဘဲ ခွဲထွက်ပြီး တစ်ကောင်တည်းနေလျှင် ကောင်းလေစွဟုကြံ၍ ခွဲထွက်လာခဲ့သည်။ ထိုခွဲထွက်ခဲ့ရာ ရက္ခိတတောအုပ်သို့ ရောက်လေသည်။ ဆင်ကြီးသည် အင်ကြင်းပင်အောက်၌ သီတင်းသုံးနေသော ဘုရားရှင်ကိုမြင်လေသော် ကြည်ညိုလေးစား၍ ဘုရားရှင်အနီး၌ ရပ်၍နေလေသည်။

ထိုဆင်သည် နေ့စဉ် ဘုရားအား ဝတ်ပြု၍နေသည်။ အင်ကြင်းပင်အနီး၌ မြက်သစ်ပင်များ မရှိအောင် သူ့နှာမောင်းဖြင့် သစ်ခက်တို့ကိုချိုး၍ တံမြက်စည်းလုပ် သန့်ရှင်းရေးလုပ်ထားသည်။ ထိုဆင်မင်း (ပလလဲ)သည် ဘုရားရှင်သုံးဆောင်ရန် သစ်သီးများကိုကပ်သည်။ မျက်နှာသစ်ရေကိုလည်း ကပ်သည်။ ချိုးရေကို သယ်၍ကပ်သည်။ ဒန်ပူတို့ကိုလည်းကပ်သည်။ ဘုရားရှင်ကလည်း ဆင်ကပ်သော ချိုမြိန်သောသစ်သီးများကို ဘုဉ်းပေးတော်မူသည်။ ဘုရားရှင်အား နွေးသောရေများကိုချိုးရန် ထင်းချောင်းအချင်းချင်း ပွတ်တိုက်ပြီး မီးမွှေးခြင်းဖြင့် ပြုလုပ်ဖန်တီးပေးလေသည်။ ဘုရားရှင် ဆွမ်းခံကြွရန်သွားသော် ဘုရားရှင်၏ သပိတ်နှင့်သင်္ကန်းတို့ယူ၍ ဦးကင်းတင်ပြီး ရွာ၏ထိပ်ထိ ပို့ဆောင်ပေးကာ ဘုရားရှင် ရွာထဲမှ ဆွမ်းခံပြန်လာသည်အထိ စောင့်ကြိုနေလေသည်။

ဘုရားရှင် ရွာထဲမှ ဆွမ်းခံပြီးပြန်ကြွလာသောအခါ သပိတ်နှင့်သင်္ကန်းတို့ကို ဦးကင်းတင်၍ ကျောင်းသို့ပြန်လာလေသည်။ ကျောင်းရောက်သောအခါ သပိတ်နှင့်သင်္ကန်းတို့ကို နေရာတကျထားပြီး သစ်ခက်တို့ဖြင့် ဘုရားရှင်အားဝတ်ပြု၍ ယပ်ခတ်နေလေသည်။

ညအချိန်ရောက်သောအခါ ဘုရားရှင်အား လုံခြုံမှုရှိရန်အတွက် ကျား၊ ခြင်္သေ့တို့၏အန္တရာယ်ကို ကာကွယ်ရန် နှာမောင်းဖြင့် တုတ်ကိုချီ၍ အရုဏ်တက်သည်အထိ စောင့်ရှောက်နေလေသည်။

ဘုရားရှင်သည် ထိုတော၌ ဒသမမြောက် ဝါကပ်တော်မူသည်။ ဤသီတင်းကိုလည်း ဇမ္ဗူဒိပ်၌ ထင်ရှားပျံ့နှံ့လေသည်။ ထို့နောက် မျောက်ငယ်တစ်ကောင်သည် ဤသို့ဘုရားရှင်အား ဆင်ကပြုစုလုပ်ကျွေးနေသည်ကိုမြင်သော် သူလည်း ဆင်ကဲ့သို့ ရအောင်လုပ်မည်ကြံလျက် တောတွင်းသို့ သွားရောက်ရှာဖွေရာ ပျားအုံတစ်ခုတွေ့၍ ယူပြီး ဘုရားရှင်အား ကပ်တော်မူလေသည်။ ဘုရားရှင် ဘုဉ်းပေးနေသည်ကို မျောက်ကမြင်ကာ ရွှင်လန်းဝမ်းမြောက်လေသည်။ ဤသို့ မျောက်သည် သစ်ပင်တစ်ပင်မှတစ်ပင်သို့ ကူးပြောင်းကခုန်လေသည်။ ၎င်းမျောက်ခုန်ကူးသော သစ်ခက်သစ်ကိုင်းတို့မှာ ကျိုးကျသွားလေသဖြင့် ပြုတ်ကျ၍ ရှားငုတ်ပေါ်သို့ ကျသောကြောင့် ထိုခဏမှာပင် သေဆုံးလေသည်။ မျောက်သည် ထိုပျားအလှူကို လှူရသောကုသိုလ်ကံစေတနာကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားသွားဖြစ်လေသည်။

**ကောသမ္ဗီရဟန်းတို့သည် ဆွမ်းမရ၍ မိမိတို့အပြစ်ကို ဝန်ခံကြရခြင်း**

ဘုရားရှင်သည် ပလလဲတောသို့ တစ်ပါးတည်း ကြွ၍ ဝါကပ်သီတင်းသုံးတော်မူခြင်းကြောင့် ဃောသကသူဌေးနှင့် ဒါယကာအပေါင်းတို့သည် ဃောသိတာရုံကျောင်းတော်သို့ သွားသော်လည်း ဘုရားရှင်ကို မဖူးမြော်ရပေ။ ကောသမ္ဗီပြည်၌ ရှိကြသော ဘုရားရှင်၏ ဒါယကာအပေါင်းတို့က ဘုရားရှင် ပလလဲတောသို့ အဘယ်ကြောင့် ထွက်သွားရသနည်းဟု ရဟန်းတို့အား မေးလျှောက်ကြလေသည်။

ရဟန်းတို့ကလည်း ဘုရားရှင်သည် သူတို့စိတ်ဝမ်းကွဲ မညီညွတ်သည်ကို တရားဆုံးမသော်လည်း မရသဖြင့် ဤသို့ထွက်ခွာသွားကြောင်း ပြောကြားလေသည်။ ဒါယကာတို့ကလည်း ရဟန်းတို့အား ဘုရားရှင်ထံတွင် သင်တို့သည် ရဟန်းဝတ်ကြပါလျက် ဘုရားရှင်၏ဆုံးမစကားကို အဘယ်ကြောင့် နားမထောင်ကြရသနည်းဟု မေးကြသော် ရဟန်းတို့ကလည်း အမှန်အတိုင်းဝန်ခံကြသည်။

ဒါယကာ ဒါယိကာမအပေါင်းတို့သည် ဤရဟန်းများကြောင့် ဘုရားရှင်ကို သူတို့ ကြာမြင့်စွာ မဖူးမြင်ရသည့်အတွက် ပစ္စည်းလေးပါး မလှူကြစတမ်းဟူ၍ ကတိကဝတ်ပြုပြီး နေရာထိုင်ခင်း မပေးခြင်းနှင့် ရှိခိုးခြင်းမပြုဘဲ နေကြလေသည်။

လူတို့က မညီညွတ်သော ရဟန်းများ၊ ဘုရား၏ ဆိုဆုံးမသည်ကို မနာခံကြသော ရဟန်းများအား ဆွမ်းများမလှူသည့်အပြင် အရိုအသေလည်း မပြုဘဲနေကြကုန်၏။ ယင်းသို့ဖြစ်ခြင်းကြောင့် ရဟန်းများသည် ဆွမ်းမရ၊ ဆွမ်းဘုဉ်းမပေးရသောကြောင့် သွေးသားများ ခန်းခြောက်၍ ပိန်ချုံးသွားလေသည်။ နှစ်ရက်သုံးရက်မျှပင်မခံနိုင်ဘဲ သူတို့အချင်းချင်း ဝန်ချတောင်းပန်ကြကုန်သည်။ ထို့နောက် ရဟန်းတို့သည် ဒါယကာ ဒါယိကာမအပေါင်းတို့အား သူတို့ ညီညွတ်ကြပြီဖြစ်၍ ယခင်ကကဲ့သို့ ပြုမူဆောင်ရွက်ကြပါဟု တောင်းပန်စကား ပြောကြားသည်။

ထိုအခါ ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်းတို့သည် ရဟန်းတို့အား သင်တို့ ညီညွတ်စွာနေထိုင်ရုံနှင့်မပြီးပါ။ ဘုရားရှင်အား ကန်တော့ပြီးမှသာ ရှေးယခင်ကကဲ့သို့ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း လျှောက်ထားကြလေသည်။ ရဟန်းတို့သည် ဝါတွင်းဖြစ်နေ၍ ဘုရားရှင်ထံသို့ မသွားနိုင်သဖြင့် ၎င်းတို့မှာ ဝါတွင်းသုံးလပတ်လုံး ဆင်းရဲဒုက္ခခံ၍နေရလေသည်။

(ဆက်လက်ဖော်ပြပါမည်)



**“အရှင်အနုရုဒ္ဓါက ဤမထေရ်တို့နှင့်နေရသည်မှာ ကုသိုလ်ကံကောင်းလေစွ၊ စိတ်သန္တာန်တွင်လည်းရှိပါ၏။ မထေရ်နှစ်ပါးအပေါ်၌ မေတ္တာနှင့်ယှဉ်သော ကံသုံးပါးကိုထားရှိပါ၏။ မိမိဆန္ဒသဘောအလိုကိုမလိုက်ဘဲ အရှင်မြတ်မထေရ်နှစ်ပါး၏အလိုအတိုင်း ကျင့်ဆောင်ပါ၏။ တပည့်တို့သုံးဦးမှာ ကိုယ်သာကွဲပြားနေသော်လည်း စိတ်မှာ တစုတည်းရှိကြောင်း လျှောက်ထားသည်။ ဘုရားရှင်သည် ညီညွတ်ခြင်း၏ အကျိုးအာနိသင်ကိုဟောကြားပြီး ပါလိလေယျကရွာသို့ တစ်ပါးတည်းကြွတော်မူ”**

## ကုန်သွယ်/စီးပွား

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဇူလိုင် ၁

ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် ကော့သောင်းကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ ပို့ကုန်တန်ချိန် ၂၅၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၈ သန်း၊ သွင်းကုန်တန်ချိန် ၃၃၄၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၀ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ငါးပြက် ၇ ဒသမ ၆၅၀ တန်၊ ငါးတံခွန် ၈ ဒသမ ၅၇၀ တန်၊ ငါးနီငယ် ခြောက်တန်၊ သီဟိုဠ်စေ့ ငါးတန်၊ တူးခက် ၂ ဒသမ ၅၅၀ တန်၊ ငါးဗျောသီး ၁ ဒသမ ၁၂၀ တန်၊ တာတို ၁ ဒသမ ၀၄၀ တန်၊ ပုစွန် သုည ဒသမ ၀၆ တန်၊ ငါးရွှေ သုည ဒသမ ၁၇၀ တန်နှင့် ငါးစင်္ကျူ သုည ဒသမ ၀၈ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ် တန် ၂၀၀၊ ဓာတ်ဆီ တန် ၅၀၊ ပလတ်စတစ်ရေခဲပုံး ၁၂ တန်၊ ဆား တန် ၂၅၀၊ ပလတ်စတစ်လိပ် ၁၉ တန်၊ ငါးထည့်သည့် ပုံးအပြာ ၁၀ တန်၊ ငှက်သိုက် တစ်တန်၊ ငါးထည့်သည့်ခြင်း ငါးတန်၊ မီးသွေးမှုန့် ၂၇ တန်နှင့် ငါးဖမ်းပိုက်သုံးတန် တို့ဖြစ်သည်။

ဇွန် ၂၈ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၃၉ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၇ ဒသမ ၈ ကျပ်ခန့်ဖြစ်သည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီတစ်ဂါလန်လျှင် ငွေကျပ် ၁၁၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၁၁၂၅၀ ခန့်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

# နှံ့ပဲတီစိမ်းများ လှိုင်လှိုင်ပေါ်၍ ဈေးအနည်းငယ်ကျဆင်း

ရွှေဘို ဇူလိုင် ၁



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ မူးမြစ်ဝှမ်းဒေသများမှ ပဲတီစိမ်းများ ဝင်ရောက်လျက်ရှိကြောင်း၊ ဇွန်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းပေါက်ဈေးမှာ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၄၃၀၀ ရှိခဲ့ပြီး ဇွန်လ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းပေါက်ဈေးမှာ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ရှိ၍ တစ်ပတ်အတွင်း တင်း ၃၅၀၀၊ တန်အားဖြင့် ၁၁၄ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇွန်လ ဒုတိယပတ်နှင့် တတိယပတ် ဈေးနှုန်းနှိုင်းယှဉ်ပါက ဇွန်လတတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၄၃၀၀ လျော့နည်းသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ဓနုဖြူမြို့နယ်၌ စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းချိုသာစွာ ရောင်းချ

ဓနုဖြူ ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ယနေ့နံနက် ၈ နာရီက အမှတ်(၉)ရပ်ကွက် မြရောဆောင်ရွက်မှုသမဝါယမအသင်းလီမိတက်ရုံးရှေ့၌ ပြုလုပ်သည်။

ထိုသို့ရောင်းချရာတွင် ဓနုဖြူမြို့နယ် သမဝါယမအသင်းမှ ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်း၊ ဆီ တစ်ပိဿာ တစ်ဘူးလျှင် ငွေကျပ် ၉၀၀၀ နှုန်း၊ ငံပြာရည်တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀ နှုန်း၊ ကော်ဖီမစ် အထုပ်ကြီး တစ်ထုပ်လျှင် ငွေကျပ် ၆၀၀၀ နှုန်း၊ သွားတိုက်ဆေး တစ်ဘူးလျှင် ငွေကျပ် ၁၆၅၀ နှုန်းနှင့် ဆပ်ပြာအဆီ တစ်ဘူးလျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုတို့က ဇူလိုင် ၁ ရက်တွင် ကျရောက်သည့် (၁၀၁) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အား ဂုဏ်ပြုသောအားဖြင့် ဌာနဝန်ထမ်းများနှင့် အသင်းဝန်ထမ်းများအား ဆန်နှင့် ဆီတို့ကို ထောက်ပံ့ပေးခဲ့ပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွင် အာဟာရမုန့်များ ကျွေးမွေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# သထုံမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုမှ အသင်းသူ အသင်းသားများအား သက်သာသောဈေးနှုန်းဖြင့် ဆန်များ ရောင်းချပေး

သထုံ ဇူလိုင် ၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်သမဝါယမအသင်းစုမှ အသင်းသူ အသင်းသားများအား ဇွန် ၂၉ ရက်က သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချပေးခဲ့ကြောင်း သိရသည်။

ဆန်များရောင်းချပေးရာတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဇော်လွင်နှင့် တာဝန်ရှိသူတို့က ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုမှ အသင်းသူ အသင်းသား စုစုပေါင်း ၁၇၁ ဦးတို့အား ဆန်တစ်ပြည် ငွေကျပ် ၂၈၀၀ နှုန်းဖြင့် စုစုပေါင်း ၃၄၂ ပြည်အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ညောင်လေးပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

ညောင်လေးပင် ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အမှတ်(၁၂) စက်မှုလယ်ယာစခန်းမှ ပြုလုပ်သော ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၂၉ ရက်က စမ်းကလေးကျေးရွာအုပ်စု သရက်ကုန်းကျေးရွာရှိ တောင်သူ ဦးမျိုးလွင်စိုး၏ လယ်မြေခြောက်ကေ၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် အမှတ်(၁၂) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဆန်းနိုင်က ကောက်စိုက်စက်များ၏ ထူးခြားမှုများ၊ ကောက်စိုက်စက်များဖြင့် စပါးစိုက်ပျိုးခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက ကောက်စိုက်စက်များအသုံးပြုကာ စမ်းသပ်စိုက်ပျိုးပြသခဲ့ကြသည်။

သရုပ်ပြပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးလှမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်အားပေးခဲ့ကြသည်။ နေလင်း(ညောင်လေးပင်)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပ

မြစ်သား ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ချေးငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမောင်မောင်ငြိမ်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စန္ဒီဝင်းတို့က ချေးငွေကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ချေးငွေထုတ်ချေးပေးမည့် အစီအစဉ်နှင့် SOP ပါ လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးအတွက် ချေးယူမည့်တောင်သူ ၈၈ ဦး၊ ဧက ၅၀၀ အတွက် ချေးငွေကျပ်သိန်းတစ်ထောင်အားလည်းကောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီမှ သမဝါယမကဏ္ဍအနေဖြင့် အသင်းသားတောင်သူ ၁၀၅ ဦး မိုးစပါးစိုက်ပျိုးဧက ၅၀၀ အတွက် ပံ့ပိုးချေးငွေကျပ် သိန်းတစ်ထောင်အားလည်းကောင်း စုစုပေါင်းငွေကျပ်သိန်းနှစ်ထောင်အား ပေးအပ်ခဲ့ပြီး စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ မြို့နယ်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အခြေခံစားကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

ဒဂုံတောင် ဇူလိုင် ၁

ယနေ့တွင် ကျရောက်သည့် (၁၀၁)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရောင်းဝယ်ရေးသမအသင်းများ၏ ကိုယ်စားပြု အမှတ်(၅၇)ရပ်ကွက်ရှိ အောင်ပဒေသာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်တွင် ယနေ့နံနက် ၉ နာရီက အခြေခံစားသောက်ကုန်ပစ္စည်းများကို အသင်းသူ အသင်းသားများနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဘီးလင်းမြို့နယ်၌ ရှေ့ဆောင်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ အသင်းသူ အသင်းသားများအား ထောက်ပံ့ငွေများ ပေးအပ်

ဘီးလင်း ဇူလိုင် ၁

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ်၌ (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှေ့ဆောင်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ အသင်းသူ အသင်းသားများအား အစုပေါ်အမြတ်၊ အတိုးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဘီးလင်းမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် ရှေ့ဆောင်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဒေါ်အေးနန္ဒာမြင့်က အသင်းသူ အသင်းသားများအား အစုပေါ်အမြတ်၊ စုဆောင်းငွေပေါ်အတိုးနှင့် ထောက်ပံ့ကြေးငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ အသင်းသား ၁၁ ဦးအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းရှစ်သောင်းကို အသင်းသားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော် (လေ)ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၁**

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်ဖြစ်သူ Air Chief Marshal Alongkom Vannarot ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော် (လေ) ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❐ ကျောဖုံးမှ**



ရဲထက်အောင်သည် ယင်းပြိုင်ပွဲတွင် ၆၄+၆၆+၆၇+၆၄ ချက်၊ လေးရက်ပေါင်း ၂၆၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက် လျှော့ရိုက်ကာ ချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ရဲထက်အောင်(မြန်မာ)က ပထမ၊ Sangchai KAEWCHAROEN (ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျှော့ရိုက်ပြီး ဒုတိယ၊ Suttinon PANYO (ထိုင်း) နှင့် Thanyakon KHRONGPHA (ထိုင်း) တို့က သတ်မှတ်ရိုက်ချက်ထက် ၂၀ ချက်စီ လျှော့ရိုက်ကာ ပူးတွဲတတိယဆု ရရှိခဲ့သည်။ ရဲထက်အောင်နှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်သည့် အောင်ဆန်းမျိုးမှာမူ ၆၉+၇၁+၇၁+ ၆၇ ချက်၊ လေးရက်ပေါင်း ၂၇၈ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ အဆင့် ၄၅ နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် ကစားသမားစုစုပေါင်း ၁၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲ၏ နောက်ဆုံးနေ့တွင် မိုးများရွာသွန်းသောကြောင့် ပြိုင်ပွဲစတင်ချိန်ကို ရွှေ့ဆိုင်းကာ ကျင်းပခဲ့ရကြောင်း သိရသည်။ ရဲထက်အောင်သည် ချန်ပီယံဆုရခဲ့သဖြင့် ဆုဖလားနှင့်အတူ ဆုကြေးငွေအဖြစ် ထိုင်းဘတ် ၂၄၀၀၀၀ ဆွတ်ခူးရရှိခဲ့သည်။

ရဲထက်အောင်သည် ၂၀၁၆ ခုနှစ်မှစတင်ကာ Asian Tour ပြိုင်ပွဲအပါအဝင် ပြည်ပနိုင်ငံများ၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်နေသူဖြစ်ပြီး SINGHA-SAT Nakhon Ratchasima Classic 2023 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ချန်ပီယံဆု ပထမဆုံးရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရဲထက်အောင်သည် ယခုနောက်ပိုင်းနှစ်များတွင် All Thailand Golf Tour နှင့် Thailand PGA Tour တို့က စီစဉ်ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူဖြစ်ကာ ပြိုင်ပွဲများ စဉ်ဆက်မပြတ်ယှဉ်ပြိုင်နေသဖြင့် လက်ရည်ပိုင်းတိုးတက်လာကာ ယခုပြိုင်ပွဲတွင် ချန်ပီယံဆု ရယူနိုင်သည်အထိ အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း All Thailand Golf Tour ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ရဲထက်အောင်၊ သီဟငွေး၊ အောင်ဆန်းမျိုး၊ ကျော်သက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားပြီး ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ- Thailand PGA Tour**

**❂ ရန်ကုန်တိုင်းဒေသကြီးမှ**

မိုးစပါးကို တိုက်ကြီးမြို့နယ်၌ ၁၂၅၃၆၇ ဧက၊ ခရမ်းမြို့နယ်၌ ၁၁၀၆၄၂ ဧကဖြင့် တိုင်းဒေသကြီးအတွင်း ဒုတိယနှင့်တတိယဧကအများဆုံးမြို့နယ်များအဖြစ် စိုက်ပျိုးထားပြီး ဒဂုံမြို့သစ်မြို့နယ်တွင် ၁၀၄၈၃ ဧက၊ သန်လျင်မြို့နယ်တွင် ၅၉၄၃၁ ဧက၊ ကျောက်တန်းမြို့နယ်တွင် ၁၀၇၉၈၅ ဧကနှင့် ကျောက်တန်းမြို့နယ်ခွဲဖြစ်သည့် တံတားမြို့နယ်ခွဲ၌ ၅၀၀၈၅ ဧက၊ ခရမ်းမြို့နယ်၌ ၁၁၀၆၄၂ ဧက၊ တွံတေးမြို့နယ်၌ ၈၂၂၅၅ ဧက၊ ကော့မှူးမြို့နယ်၌ ၈၈၀၉၉ ဧက၊ ကွမ်းခြံကုန်းမြို့နယ်၌ ၁၀၂၃၈၃ ဧက၊ ဒလမြို့နယ်၌ ၄၆၈၁၇ ဧက၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ၄၅ ဧက၊ တိုက်ကြီးမြို့နယ်၌ ၁၂၅၃၆၇ ဧက၊ မှော်ဘီမြို့နယ်၌ ၃၈၀၈၄ ဧက၊ ထန်းတပင်မြို့နယ်၌ ၈၅၀၈၂ ဧက၊ လှည်းကူးမြို့နယ်၌ ၈၁၂၂၅ ဧက၊ မင်္ဂလာဒုံမြို့နယ်၌ ၁၃၉၉ ဧက၊ ရွှေပြည်သာမြို့နယ်၌ ၇၃၁ ဧက၊ လှိုင်သာယာမြို့နယ်၌ ဧက ၉၀ နှင့် ကြည့်မြင်တိုင်မြို့နယ်၌ ၉၇၅ ဧကတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စုစုပေါင်း မိုးစပါး ၁၁၄၅၀၀၀ ဧက စိုက်ပျိုးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရွှေဝါထွန်း၊ ရာကျော်၊ မှော်ဘီ-၃၊ မီးတုန်း၊ ငကျွဲ၊ ငစိန်၊ ကောက်ညှင်း၊ ရတနာတိုး၊ ဆင်းသွယ်လတ်၊ ပေါ်ဆန်းမွှေးတို့ကို အထွက်ကောင်း၊ အဆင့်မြင့် (အရည်အသွေးကောင်း)နှင့် ဒေသမျိုးဟူ၍ အုပ်စုသုံးမျိုးခွဲ၍ စိုက်ပျိုးလျက်ရှိပြီး အထွက်ကောင်း (သက်တမ်းတို)စပါးမျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်မှုရှိစေရန် သရုပ်ပြပွဲများကျင်းပခြင်းနှင့် အသိပညာပေးခြင်း၊ လိုအပ်သောစပါးမျိုးများကို ဖြန့်ဝေပေးခြင်း၊ လျာထားဧကပြည့်မီစေရန် စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးနည်းစနစ်၊ အပင်ပြုစုခြင်းနှင့် သီးနှံကာကွယ်ရေးလုပ်ငန်းများ၊ ရိတ်သိမ်းချိန်လွန်ပညာပေးရေးလုပ်ငန်းများကို မိုးစပါးရာသီအစမှ ရာသီပိတ်သိမ်းချိန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မိုးရာသီ၌ ရက်ပေါင်း ၁၂၀ကျော်မှ ၁၈၀ ကျော်သက်တမ်းရှိ မိုးစပါးများကို မေလတွင် စတင်စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင် စတင်ရိတ်သိမ်း၍ ဇန်နဝါရီလဆန်းပိုင်းအထိ မိုးစပါးများကို နောက်ဆုံးရိတ်သိမ်းသွားမည်ဖြစ်ရာ ယမန်နှစ်စိုက်ဧကထက် မိုးစပါးထွက်နှုန်း လျော့ကျမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ-သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**

# ၂၀၂၃ ခုနှစ် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းမှုအခြေအနေ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် (၇၁)ဒီဂရီဖာရင်ဟိုက်မှ (၈၀)ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ၈၅ရာခိုင်နှုန်းမှ ၉၃ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် မွန်ပြည်နယ်တို့တွင် ၂၄ မီလီမီတာ မှ ၃၄ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၅ မီလီမီတာမှ ၄၅ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၄၆ မီလီမီတာမှ ၅၅ မီလီမီတာအတွင်း ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်(ပြည့်ဝ) အခြေအနေ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ ရှိနိုင်သည်။ **မိုး/ဇလ**

**❍ လိုက်ပ်ဇစ်မှ**

လိုက်ပ်ဇစ်အသင်းဟာ ကွင်းလယ်ကစားသမား ဆိုဘိုဆလိုင်းကို အသင်းကနေ ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်တာကြောင့် ဒီကနေ့မှာပဲ လီဗာပူးအသင်းနဲ့အတူ ကျန်းမာရေးဆိုင်ရာ ဆေးစစ်ချက်တွေပြုလုပ်ဖို့ ဗြိတိန်နိုင်ငံကို ရောက်ရှိနေခဲ့ပြီလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဆိုဘိုဆလိုင်းဟာ ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့လည်း ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့သူဖြစ်ပေမယ့် လက်ရှိအချိန်မှာ လီဗာပူးအသင်းဆီကို ပြောင်းရွှေ့ဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဆိုဘိုဆလိုင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက လိုက်ပ်ဇစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ၃၁ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးဖန်တီးမှုရှစ်ကြိမ် ပြုလုပ်ထားခဲ့တာဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်းဟာ ၂၀၂၀ ခုနှစ် ဇန်နဝါရီလအတွင်းက ဆဲလ်ဘတ်အသင်းကနေ ခေါ်ယူခဲ့တာဖြစ်ပြီး ဆဲလ်ဘတ်အသင်းမှာ ပွဲစဉ်စုစုပေါင်း ၉၁ ပွဲမှာ သွင်းဂိုး ၂၀ နဲ့ ဂိုးဖန်တီးမှု ၂၁ ကြိမ် ပြုလုပ်ထားခဲ့သူဖြစ်ပါတယ်။ လီဗာပူးအသင်းနည်းပြ ကလော့ဟာ ဂျိမ်းစ်မီနာ၊ နာဘီကီတာနဲ့ ချန်ဘာလိန်တို့အသင်းက ထွက်ခွာသွားခဲ့ပြီးနောက် ကွင်းလယ်ပိုင်းကို အားဖြည့်ဖို့ ဆိုဘိုဆလိုင်းကို ခေါ်ယူရေးပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ ကျော်ကျော်လွင်သည် ၎င်းအသုံးပြုသည့် “Kyaw Kyaw Lwin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၀၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၂၈၂၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၀ | ၂၁၅၅ | ၂၁၄၀ | ၂၁၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၄၀၀ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၅၀ | ၂၀၀၀ | ၁၉၉၅ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၁၀၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၀ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၄၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၄၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၁ | ၁၉၅၃ |
| 95 Ron | ၁၉၇၉ | ၂၀၅၂ |
| HSD (500 ppm) | ၁၈၅၁ | ၁၉၁၈ |
| HSD (50 ppm) | ၁၉၂၅ | ၁၉၉၃ |
| HSD (10 ppm) | ၁၉၂၅ | ၁၉၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၀၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၇-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၁-၇-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၇) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၆၁,၅၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၄၇၄) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၄၀၀) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၅၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီပေါက်စဉ် ၂၀၂၃ ခုနှစ် ဇူလိုင် လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

င - ၄၅၄၈၁၇

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

င - ၈၀၃၆၃၄

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

စ - ၂၄၈၃၈၀

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

က - ၃၈၂၉၅၆ က - ၄၉၉၁၃၉ င - ၅၉၄၀၀၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀၀)ဆု (၂)ဆု

င - ၁၄၆၁၇၇ င - ၂၅၁၄၁၇

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဃ - ၁၂၁၂၀၃ င - ၇၈၉၄၉၅ က - ၉၁၈၄၁၉
ဃ - ၃၄၃၇၇၅ က - ၈၁၉၃၆၆ င - ၉၂၅၀၈၆
င - ၆၆၉၇၁၅

ကံထူးရှင်(၇)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ခ - ၃၁၂၃၀၀ ဂ - ၆၁၁၉၉၉ ဂ - ၈၂၉၃၅၅
ဃ - ၃၃၁၆၄၀ စ - ၆၅၂၂၈၉ စ - ၈၈၆၀၀၄
င - ၅၁၃၈၄၈

ကံထူးရှင်(၇)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဃ - ၁၆၁၃၅၇ ဂ - ၇၅၆၅၂၅
ခ - ၄၃၀၇၇၈ စ - ၇၆၈၁၉၄
ခ - ၅၀၈၂၆၉ ခ - ၇၆၈၅၀၈
ဂ - ၇၃၈၉၈၈ င - ၇၈၇၇၈၁
စ - ၇၄၇၇၃၅ က - ၉၄၇၃၆၉

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀)ဆု (၁)ဆု

ဂ - ၄၆၅၀၈၇

ကံထူးရှင်(၁၁)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဂ - ၁၃၇၀၇၉ စ - ၄၄၈၁၉၇ ဃ - ၈၀၃၈၆၅
စ - ၁၆၀၂၀၂ စ - ၄၉၃၉၄၄ က - ၉၂၅၉၆၆
ဇ - ၁၇၆၅၄၁ ဃ - ၅၅၃၈၂၄ ဂ - ၉၄၁၁၆၈
စ - ၂၅၇၆၇၂ စ - ၆၉၅၈၃၅ င - ၉၇၈၆၂၉
င - ၃၉၇၆၉၀ င - ၇၀၇၀၅၂ ခ - ၉၈၀၃၃၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀)ဆု(၂)ဆု

ဂ - ၆၄၄၅၀၁ င - ၆၉၆၆၁၇

ကံထူးရှင်(၁၇)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဂ - ၁၀၇၄၂၈ ည - ၆၅၃၁၁၃
ဃ - ၂၄၁၃၇၅ င - ၇၁၅၅၈၀
ခ - ၃၅၀၁၈၄ က - ၇၁၇၉၄၅
ခ - ၃၆၅၆၀၈ ခ - ၇၈၀၁၅၂
က - ၃၆၉၅၁၄ စ - ၇၈၁၂၉၀
စ - ၄၆၇၉၅၈ ဃ - ၈၁၉၇၇၆
က - ၅၃၃၀၆၄ က - ၉၀၆၇၉၁

ကံထူးရှင်(၁၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ဈ - ၂၁၇၀၈
စ - ၈၈၄၄၄
ဂ - ၉၄၇၆၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၁)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဇ - ၃၇၂၁
ဇ - ၅၈၇၅
ခ - ၈၃၄၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၁၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

ဈ - ၂၃၈ ဇ - ၆၁၉
ဋ - ၃၈၃ စ - ၆၂၈
ဂ - ၄၇၉ ဃ - ၆၃၈
ဇ - ၅၃၆ စ - ၇၅၅

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆုများ (၄)ယူနစ်

ဋ - ၄၈၈ ဂ - ၈၄၃ င - ၈၈၂ ဃ - ၉၆၉

ကံထူးရှင်(၇၂၂၁)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဆ - ၁၀

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ပုံနှိပ်စဉ်ကပင် ပါဝင်ခြင်းမရှိသည့် ဆ-၁၀၀၀၀၀ နှင့် ဆ-၁၀၀၀၀၁ ဂဏန်းများအတွက်အစားထိုး ဖွင့်လှစ်ပေးသည့် ပေါက်ဂဏန်းများ ဖြစ်ပါသည်။

ဆ - ၁၀၃၀၅၅
ဆ - ၁၀၇၈၉၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၅)သောင်း ဆု များ (၂)ယူနစ်

ဇ - ၆၈ ဂ - ၈၈

ကံထူးရှင်(၁၁၃၈၉)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၄)ယူနစ်

ဌ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သောင်းဆုများ (၃)ယူနစ်

ဆ - ၆ င - ၈ ဌ - ၈

ကံထူးရှင်(၁၁၃၂၃၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

စ - ၁၅၅၉၉၃ င - ၃၃၈၃၉၇ စ - ၇၈၅၁၈၈ ဂ - ၉၀၀၄၂၅

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂)ယူနစ်

ဃ - ၃၈၄၃၀ ဆ - ၄၃၀၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၁၂)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

င - ၄၅၈၉ စ - ၅၀၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဈ - ၁၅၆ ဆ - ၆၂၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၀၃)ဦး

၁။ ၂၀၂၃ ခုနှစ်၊ဇူလိုင် လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အောင်ဘာလေသိန်းဆုနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၃၂၃၅၉)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၃၂၃၅၉)ဦး ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (စ) အက္ခရာထိ အက္ခရာ (၆)လုံးဖြစ်ပြီး အောင်ဘာလေအွန်လိုင်းသိန်းဆု၏ ရောင်းချမည့် အက္ခရာများမှာ (ဆ) အက္ခရာမှ (ဌ)အက္ခရာအထိ အက္ခရာ(၆)လုံး စုစုပေါင်း အက္ခရာ (၁၂)လုံး ဖြစ်ပါသည်။

၃။ (၅၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၃-၇-၂၀၂၃ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၂-၇-၂၀၂၃ ) ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ (၅၂)ကြိမ်မြောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုမဲများအနက် ကျပ်(၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၃-၇-၂၀၂၃ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ ထီကံစမ်းဝယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ကျပ် (၁၀)သိန်းနှင့်အောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုငွေများမှအပ ကျန်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် လွှဲစာဖြင့်ဖြစ်စေ၊နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
# သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# "ကြော်ငြာစာ"

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇)ကို ၂၀၂၄-ခုနှစ် ဖေဖော်ဝါရီလတွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည်
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း(CD/51)
- (ခ) ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်းသင်တန်း (CE/49)
- (ဂ) ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း(CME/4)

၂။ ပေးအပ်မည့်ဒီပလိုမာ
- (က) ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies)
- (ခ) ရေကြောင်းနည်းပညာဒီပလိုမာ (Diploma in Maritime Technology)
- (ဂ) ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electro-Technology)

၃။ သင်တန်းဝင်ခွင့် အရည်အချင်း
- (က) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်းရမှတ် အနည်းဆုံး(၄၀၀)ရှိရမည်။
- (ခ) ၂၀၂၃ - ခုနှစ်၊ ဒီဇင်ဘာလ( ၃၁ )ရက်နေ့တွင် အသက် (၁၉ ) နှစ်ထက် မကျော်လွန်စေရ။

၄။ သင်တန်းကာလ - ၂ နှစ်

၅။ လက်ခံမည့် သင်တန်းသားဦးရေ
- (က) ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း ၁၃၀ ဦး
- (ခ) ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း သင်တန်း ၁၃၀ ဦး
- (ဂ) ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်းသင်တန်း ၄၀ ဦး

၆။ လျှောက်လွှာလက်ခံမည့်ရက် - ၃-၇-၂၀၂၃ရက် မှ ၁-၉-၂၀၂၃ရက်ထိ

မှတ်ချက်။
- (က) သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။
- (ခ) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မော်ကွန်းထိန်းရုံး (ဖုန်း-၀၉-၉၈၆၃၄၀၅၅၇)၊ သင်တန်းဌာန(ဖုန်း-၀၉-၉၈၀၁၀၄၆၈၃)သို့ ဆက်သွယ်မေးမြန်းရန်နှင့် Website www.mmmc.edu.mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်-MMMC Facebook Page တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့် လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံး ထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန် အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## တစ်ဦးတည်း ဖြစ်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မဟာရွှေလမ်း၊ မဟာရွှေကွန်ဒို၊ အမှတ်(၇၀၃) နေ မကျန်ရှုံးကျီ (ဘ)ကျန်ကွယ်နိန်[၁၃/လကန(နိုင်)၀၁၀၃၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ အမည်ဖြစ်သည့် ကျန်ရှုံးကျီ၏ အင်္ဂလိပ်စာလုံးပေါင်း အမှန်မှာ Passport တွင် ဖော်ပြပါရှိသည့်အတိုင်း (KYAN SHONE KYEE) ဖြစ်ပါသည်။ ၎င်း၏အမည်မှာ တိုင်းရင်းသားအမည်ဖြစ်သောကြောင့် Eastern Language & Business Centre မှ ပေးအပ်သည့် Chinese high school Course အောင်လက်မှတ် (Certificate)တွင် (KYAN SHONE KYEE)ဟု ရေးသွင်းရမည်ကို (JIANG SHUN JI)ဟု ထည့်သွင်းရေးသားထားခြင်းသာဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ၏အမည်ဖြစ်သည့် ကျန်ရှုံးကျီ (KYAN SHONE KYEE) နှင့် (JIANG SHUN JI)တို့မှာ တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**အမှတ်-၅၈၁/ခ၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂- ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၇၅၈၉၄၁၁၉၄**

## "ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် (၁၃)လမ်း၊ တိုက်အမှတ်(၇၈၇)၊ (၅-လွှာ)၊ ခြေရင်းခြမ်း (၁၇x၅၄)ပေရှိ ရေ၊ မီးစုံတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါသည်"

အထက်ဖော်ပြပါ တိုက်ခန်းကို ဆက်စပ်စာချုပ်(မူရင်း)ဖြင့် တစ်ဦးတည်း လက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မေဥမ္မာဇော်[၁၂/သဃက(နိုင်)၁၅၅၃၇၁]က ဥပဒေအရ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အဆိုပြု ကမ်းလှမ်းရာ ဒေါ်ရီရီဌေး [၁၂/သကတ(နိုင်)၀၇၅၃၇၁] မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသန်းထွန်း(B.Sc, H.G.P, D.B.L, D.M.L) ၊ အထက်တန်းရှေ့နေ(စဉ်-၁၀၆၁၆)**
**ဖုန်း- ၀၉-၅၁၈၃၃၂၆၊ ၀၉-၇၇၅၁၈၃၃၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄မိုးရိပ်ရပ်ကွက်၊ (၃)လမ်း၊ မြေကွက်အမှတ်-၆၆၉၊ အကျယ်အဝန်း (၂၅ x ၅၀)ပေရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိနေအိမ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ကျင်ယုံ [၁၂/သဃက(နိုင်)၀၄၉၀၄၀] အမည်ပေါက်ပိုင်ဆိုင်၍ အဆိုပါ မြေကွက်နှင့်နေအိမ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆို၍ ရောင်းချရန် ကမ်းလှမ်းရာ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မျိုးထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)**
**အမှတ်(၁၀၁)၊ ပထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၃၂၀၇၃၃၉**

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅၊ မြေကွက်အမှတ်(၈၈၀)၊ ဗန္ဓုလလမ်းဟုခေါ်တွင်သည့် မူလအမည်ပေါက် ဒေါ်လှအေး(TRY-၀၀၃၁၂၃) ကိုင်ဆောင်သူ အမည်ပေါက်လျက်ရှိသော မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိသည့်အနက် တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူကာ လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်လင်း(ဘ)ဦးကျောက်ခဲ [၅/ရဥန(နိုင်)၀၆၇၃၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေရီညွန့်မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မျိုးညွန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃/၁၃) (၃၀-၈-၂၀၁၃)**
**အမှတ် (၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၁၉၁၀၃၄၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ ဇေယျာမြိုင်လမ်း၊ မြေကွက်အမှတ် ( ၅၁၁/ခ )ဟုခေါ်တွင်သော ဦးဇော်ဝင်း အမည်ပေါက်သည့် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေအကျယ် (၂၀ x ၆၀)ပေ၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းနိုင် [၅/တဆန(နိုင်)၁၀၄၂၃၉] မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလာ [၁၂/ဒဂတ(နိုင်)၀၄၅၈၇၁] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -**
**ဒေါ်ခင်မာလာ**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆) ၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံ၊ မြေကွက်အမှတ် (၅၆၈) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀)ပေ ×အနံ (၆၀) ပေ ဧရိယာ (၀. ၀၅၅)ဧက ၊ (စတုရန်းပေ ၂၄၀၀) ဦးထွန်းကြည် (CE - ၀၆၉၁၈၆) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(အဆောက်အဦ)၊ ရေ + မီး အပါအဝင် အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဆုမြတ်အောင် (၁၂/ဥကမ(နိုင်)၁၅၅၉၂၅) မှ လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးလွှင်မင်းသန့် (၉/မကန(ပြု)၀၀၀၇၄၃) နှင့် ဦးဟန်မင်းသန့် (၉/မကန(ပြု)၀၀၀၇၄၆) တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၉. ၇. ၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ဝင့်ဝင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်၊ တကောင်း (၅)လမ်း၊ အမှတ်(၉၆၇) ဒေါ်မြသိန်း(ZMAG-၀၁၁၂၃၂) အမည်ပေါက်မြေကွက် (မြေချပါမစ်အမျိုးအစား) (၄၀'x၆၀')ပေ အနက်မှ (ယာဘက်အခြမ်း) မြေအကျယ်အဝန်း (၂၀'x၆၀')ပေရှိ ပါမစ်မြေကွက်အား အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဆိုသူ ဒေါ်လေးလေးမြင့် [၁၄/ဒဒရ(နိုင်)၀၀၃၅၄၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးလှဝင်း(LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၈)**
**၁၄၆(N)၊ ခေမာသီရိလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊**
**ဖုန်း-၀၉-၅၁၅၄၄၇၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ ဝေဘာဂီလမ်း၊ မြေကွက်အမှတ်(၁၉/ခ)ဟုခေါ်တွင်သော ဦးသိန်းငွေ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေအကျယ်ပေ (၂၀ x ၆၀)ပေ၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိုးသန္တာလင်း [၁၂/ကမရ(နိုင်)၀၁၀၅၉၁] မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်ဖြိုးလှိုင် [၁၀/မလမ(နိုင်) ၁၈၉၇၁၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -**
**ဦးစိန်ဖြိုးလှိုင်**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ ဒေသတွင်း စားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်း မပြုရသည့်အတွက် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးလျာထားဧက ၁၁၄၅၀၀၀ ရှိပြီး သုံးခွမြို့နယ်၌ မိုးစပါး ၁၅၃၈၂၂ ဧက စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးအထွက်နှုန်းတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိရာ မိုးစပါးလျာထားဧက ၁၁၄၅၀၀၀ ရှိပြီး သုံးခွမြို့နယ်၌ မိုးစပါး ၁၅၃၈၂၂ ဧကဖြင့် တိုင်းဒေသကြီးအတွင်း မိုးစပါးဧက အများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုအဖြစ် လျာထားစိုက်ပျိုးထားကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❂





## လိုက်ပ်ဇစ်ကွင်းလယ်လူ ဒိုမီနစ်ဆိုဘိုဆလိုင်းကို လီဗာပူးက ပေါင် ၆၀ ဒသမ ၁ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ပ်ဇစ်အသင်းမှ ဟန်ဂေရီကွင်းလယ်ကစားသမား ဒိုမီနစ်ဆိုဘိုဆလိုင်းကို ပြောင်းရွှေ့ကြေးပေါင် ၆၀ ဒသမ ၁ သန်း(ယူရိုသန်း ၇၀)နဲ့ ခေါ်ယူဖို့ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ ဟန်ဂေရီကြယ်ပွင့် ဆိုဘိုဆလိုင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက လိုက်ပ်ဇစ်အသင်းနဲ့အတူ ဂျာမန်ပိုကယ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့သလို ဘွန်ဒက်လီဂါပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားအဆင့် ၃ နေရာမှာ ရပ်တည်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❍

## Thailand PGA Tour ၏ SINGHA-SAT Nakhon Ratchasima Classic 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရဲထက်အောင် ချန်ပီယံဆု ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁

ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ ထိုင်းနိုင်ငံ Khao Yai Country Club ၌ကျင်းပသည့် Thailand PGA Tour ၏ ပြိုင်ပွဲတစ်ခုဖြစ်သော SINGHA–SAT Nakhon Ratchasima Classic 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ရဲထက်အောင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❒

**ယနေ့ ဖတ်စရာ**

**ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့အစည်း၏ အကောင်းဆုံးခရီးသွားကျေးရွာများ စာရင်းတွင် ပါဝင်နိုင်ရေး ဘရူနိုင်းနိုင်ငံက ကျေးရွာနှစ်ရွာကို အမည်စာရင်းတင်သွင်း**

စာမျက်နှာ » ၁၃

